# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

**အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်**

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

### နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

ပြည်တွင်းသတင်း စာ ၄

### အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်

ဆောင်းပါး စာ ၁၀

### ပါလက်စတိုင်း၌ ပိုမိုဆိုးရွားလာသည့် အစားအသောက် အခြေအနေကို သက်သာရန် ဂျပန်က အကူအညီပေးမည်

နိုင်ငံတကာသတင်း စာ ၁၃


စက်သုံးဆီဆိုင်များသို့ ပေးပို့ရန် ဆီသယ်ယာဉ်များ ဆီဖြည့်တင်နေမှုကို တွေ့ရစဉ်။

## စက်သုံးဆီများ ယခုရက်ပိုင်း ပုံမှန်အနေအထားအဖြစ် ပြန်လည်ရောက်ရှိရေး ဆီအရောင်းဆိုင်များသို့ အလျင်အမြန် ရောင်းချပေးလျက်ရှိ

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီအရောင်းဆိုင် ၂၁၀ ရှိရာတွင် စက်သုံးဆီဝယ်လိုအားများသိသိသာသာမြင့်တက်လာရာအချို့ဆိုင်များတွင် သိုလှောင်ကန်သို့ ဆီသယ်ယာဉ်ဆီဖြည့်သွားစဉ် ခေတ္တအရောင်းရပ်ထားခြင်းများကြောင့် သုံးစွဲသူပြည်သူများက စိုးရိမ်စိတ်ဖြင့် ဝယ်ယူသုံးစွဲလိုမှုများပြားလာပြီး ယခုရက်ပိုင်းအတွင်း ပုံမှန်အနေအထားအဖြစ် ပြန်လည်ရောက်ရှိရေးအတွက် စက်သုံးဆီအရောင်းဆိုင်များသို့ အလျင်အမြန် ရောင်းချပေးထားပြီဖြစ်ကြောင်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းသိုလှောင်ရောင်းချဖြန့်ဖြူးရေးအသင်း တာဝန်ရှိသူများက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ➜



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားတက်ရောက်



**ပုသိမ် ဩဂုတ် ၁၆**

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို မအူပင်မြို့နယ် တိုးရွှေဝါခန်းမ၌ ယနေ့ နံနက်ပိုင်းကကျင်းပရာ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေး ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ကရင်တိုင်းရင်သား တိုင်းရင်းသူများ တက်ရောက်ကြသည်။

**ဖားစည် (၉) ချက်တီး၍ ဖွင့်လှစ်ပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းတို့က ဖားစည် (၉) ချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

**အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ယနေ့ကျင်းပသည့် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားတွင် ယခုကဲ့သို့ တိုင်းရင်းသားများ စုစုစည်းစည်း ပြန်လည်တွေ့ဆုံရသည်မှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုသည် ယနေ့ခေတ်အချိန်အခါတွင် ပိုမိုအရေးကြီးလာပါကြောင်း၊ တိုင်းပြည်၏ အချုပ်အခြာအာဏာ၊ တည်ငြိမ်အေးချမ်းရေးကို ထိပါးနိုင်သည့် စိန်ခေါ်မှုများကို တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ဖြတ်ကျော်ကြရမည် ဖြစ်ကြောင်း၊ ကရင်ရိုးရာ ချည်ဖြူဖွဲ့ပွဲသည် ကရင်တစ်မျိုးသားလုံး ပိုင်ဆိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ပါကြောင်းနှင့် ဘာသာမရွေး၊ ဒေသမရွေးဘဲ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ ချည်ဖြူဖွဲ့ပွဲသည် ကရင်တစ်မျိုးသားလုံးအား ပြန်လည်စုစည်းပေးသည့် အခမ်းအနားဖြစ်ပြီး ယနေ့အခမ်းအနားတွင် တိုင်းဒေသကြီးအတွင်းရှိ ကရင်လူမျိုးများ စုစုစည်းစည်း ညီညီညွတ်ညွတ် တွေ့ရှိသည်မှာ ဝမ်းမြောက်ပါကြောင်း၊ တိုင်းပြည်ငြိမ်းချမ်း၊ အေးချမ်းရန်အတွက်လည်း တိုင်းပြည်၌နေထိုင်သည့် တစ်မျိုးသားလုံးအနေဖြင့် တာဝန်ရှိပါကြောင်း အဖွင့်နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ဧည့်သည်တော်များသည် ကရင်တိုင်းရင်းသား ရိုးရာအကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မအူပင်မြို့နယ် ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်း ဦးစီးပဓာန နာယကဆရာတော် ဥူးနန္ဒမာလာက အမှာစကားပြောကြားပြီး ချည်ဖြူဖွဲ့မင်္ဂလာ (စုပေါင်းလိပ်ပြာခေါ်ပွဲ) အကြောင်း Dr.နန့်သီတာကျော်က ဖတ်ကြားသည်။

**စည်ကားစွာကျင်းပ**

ယင်းနောက် ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်း လူငယ်များက ချည်ဖြူဖွဲ့ပစ္စည်းများသယ်ဆောင်ခြင်း၊ ချည်ဖြူဖွဲ့ပေးမည့် ဘိုးဘွားများအား စနစ်တကျ ဖိတ်ခေါ်ခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များအား ဘိုးဘွားများက ကရင်ရိုးရာချည်ဖြူဖွဲ့ပေးခဲ့ကြပြီး **(ဝဲပုံ)** ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မအူပင်မြို့ မုန်ပင် ပရိယတ္တိစာသင်တိုက်၌ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ ကရင်စာပေနှင့် ယဉ်ကျေးမှု အသင်းများ၊ တက္ကသိုလ်အသီးသီးမှ ကရင်တိုင်းရင်းသား ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က တိုင်းရင်းသားအားလုံးသည် မိမိတို့၏ စာပေ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်ကြရမည် ဖြစ်ပြီး တိုင်းရင်းသားအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် အေးအတူပူအမျှ လက်တွဲနေထိုင်ရန်လိုပါကြောင်း တိုက်တွန်း အမှာစကား ပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်း အောင်မြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းတို့က အားပေးစကားများ ပြောကြား၍ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



---

❍ *ရွှေဖုံးမှ*

ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ) ရှိ စက်သုံးဆီ သိုလှောင်ကန်စခန်းများ၌ စက်သုံးဆီကန်များအတွင်း စက်သုံးဆီသိုလှောင်ထားရှိမှု အခြေအနေနှင့် ဆီသယ်ယာဉ်များပေါ်သို့ စက်သုံးဆီဖြည့်တင်းနေမှု အခြေအနေများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များ လိုက်လံကြည့်ရှုစစ်ဆေးစဉ် အဆိုပါ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းသိုလှောင် ရောင်းချဖြန့်ဖြူးရေးအသင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ခြင်း ဖြစ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား လတ်တလော စက်သုံးဆီရောင်းချနေမှု အခြေအနေများ၊ သိုလှောင်ကန်များအတွင်း ရောင်းချရန် စက်သုံးဆီသိုလှောင်ထားရှိမှုနှင့် အရန်စက်သုံးဆီသိုလှောင်ထားရှိမှု အခြေအနေများကိုလည်း အဆိုပါတာဝန်ရှိသူများက ဆက်လက်တင်ပြခဲ့ကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆီသိုလှောင်ကန်မှ ဆီသယ်ယာဉ်များအပေါ်သို့ ဆီဖြည့်သွင်းသည့်စနစ်အားနည်းချက်မရှိရေး၊ အစီအစဉ်တကျ ဖြည့်သွင်းခြင်း၊ ထွက်ခွာခြင်းနှင့် ဆိုင်အရောက်မြန်ဆန်ရေးသည် အကောင်းဆုံးဖြစ်၍ ဆောင်ရွက်ကြရန်၊ အမြန်ဆုံးချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို တာဝန်ရှိသူများ၊ ဆီဖြည့် Terminal များ၊ ဆီဘောက်ဆာကားများမှ တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်သုံးဆီသိုလှောင်ကန်စခန်းများ ဖြစ်သော မြတ်မေတ္တာမွန်၊ မက်စ်မြန်မာ၊ Brighter Energy Terminal၊ ပိတောက်ရွှေဝါတို့တွင် ဆီဆိုင်များသို့ ပေးပို့ရန် ဆီသယ်ယာဉ်များပေါ်သို့ ဆီဖြည့်တင်းနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဆီဆိုင်များသို့ ပေးပို့ရန် ဆီသယ်ယာဉ်များပေါ်သို့ ဆီဖြည့်တင်းနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၁၆

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။**

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုတို့မှ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်း ရိပ်သာ၌ ပြုလုပ်ရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဝန်ထမ်းမိသားစုများက ငွေကျပ်သုံးဆယ့်ငါးသိန်းကျော်နှင့် ငွေကျပ်တစ်ဆယ့်လေးသိန်းကျော်တန်ဖိုးရှိစားသောက်ဖွယ်ရာများကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းနှစ်ရာ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့်စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့်စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းသို့ ပေးအပ်လှူဒါန်းရာတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း သုံးရာကိုးဆယ့်ကိုးသိန်းခြောက်သောင်းနှင့် သုံးဆယ့်ခြောက်သိန်း ခုနစ်သောင်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ရွပ်ရွပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် e-Government ဦးစီးကော်မတီ (၁/၂၀၂၄)လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

မုံရွာ ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး e-Government ဦးစီးကော်မတီ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး e-Government စနစ် အကောင်အထည်ဖော်ရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းအား ဆောင်ရွက်ခြင်းဖြင့် ပြည်သူများသည် အစိုးရ၏ ဝန်ဆောင်မှုများအား Online မှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေး သတင်းအချက်အလက်များကို ရယူ၍ အသုံးချခြင်းအားဖြင့် အချိန်နှင့် ငွေကြေး ကုန်ကျမှုများ လျော့နည်းသွားမည်ဖြစ်သည့်အပြင် ဘဏ်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်မှု၊ ငွေကြေးဆိုင်ရာ အချက်အလက်များ အခွန်ကောက်ခြင်းကိစ္စရပ်များနှင့် Digital Payment များအား ပိုမိုအသုံးပြုနိုင်မှုများ မြှင့်တင်နိုင်ခြင်းဖြင့် အဂတိ တိုက်ဖျက်ရေးကိုပါ အကောင်အထည်ဖော် ဆောင်ရွက်ရာ ရောက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။(ယာပုံ)

ထို့နောက် တိုင်းဒေသကြီး e-Government စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက တိုင်းဒေသကြီးအတွင်း e-Government စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ်နှင့် တွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူးတို့က တိုင်းဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ်များတွင် e-Government စနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများအား Power Point ဖြင့် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။



ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း e-Government စနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုမှုနှင့် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၆

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန် နိုင်သည်။

ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပသည့် (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။




(၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စ အက်စီရိ ပင်တာရူချီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး မစ္စတာ ဆုပ်ချန်ဒါ ဆိုပီအာ၊ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံဆိုင်း ခွန်မဆစ်နှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ ငုယင်မင်းဟန်တို့တက်ရောက်ကြသည်။

(၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြပြီး အနာဂတ် ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးများသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ အကြား စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ ရေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ တားဆီးကာကွယ် နှိမ်နင်းရေးနှင့် ခရီးသွားလုပ်ငန်းနှင့် ပြည်သူ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် အစည်းအဝေးအတွင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးကို တိုးမြှင့်ဆောင်ရွက်ရေး၊ ဒေသတွင်း ဘက်စုံပေါင်းစည်း ချိတ်ဆက်မှု မြှင့်တင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ တရားမဝင် မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ် ဖောက်ကားမှုများ၊ ဆက်သွယ်ရေးလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တားဆီးကာကွယ်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရေးနှင့် မဲခေါင်-လန်ချန်း ဒေသတွင်း လေထုညစ်ညမ်းမှုဖြေရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှု စသည့်နယ်ပယ်များတွင် အလေးအနက်ထား ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စ အက်စီရိ ပင်တာရူချီ က (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေး ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များကို ယမန်နေ့ ညပိုင်းတွင် ချင်းမိုင်မြို့ရှိ အင်တာကွန်တီနင်တယ် ဟိုတယ်၌ ကြိုဆိုဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် စသည့်အဖွဲ့ဝင် ခြောက်နိုင်ငံပါဝင်ပြီး မဲခေါင်-လန်ချန်း ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း စုစုပေါင်း (၁၁၈) ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့သည်။

**သတင်းစဉ်**

## တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းနှင့် မျိုးစေ့ဖြန့်ဖြူးခြင်းလုပ်ငန်းကို ပံ့ပိုးကူညီပေးနေ

**ရန်ကုန် ဩဂုတ် ၁၆**

မွေးမြူရေးလုပ်ငန်းတွင် အကျိုးအမြတ်ပိုမိုရရှိစေရန် မိရိုးဖလာလွှတ်ကျောင်း မွေးမြူခြင်းမှ စနစ်တကျ ခြံလှောင်မွေးမြူသောစနစ်သို့ ပြောင်းလဲကျင့်သုံးရာတွင် တိရစ္ဆာန်အစာပင်များ စိုက်ပျိုး၍ ကျွေးခြင်းဖြင့် အစာကုန်ကျစရိတ်ကို သိသာစွာ လျော့ကျစေပြီး ထွက်ကုန်နှင့် တိရစ္ဆာန်အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မှုကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်းနှင့် မျိုးစေ့ဖြန့်ဖြူးခြင်းလုပ်ငန်းကို ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပံ့ပိုးကူညီပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအနီးရှိ ပျဉ်းမပင် နို့စားနွားမွေးမြူရေး သုတေသနနှင့် သရုပ်ပြခြံ၌ တိရစ္ဆာန်အစာပင် မျိုးထုတ်စိုက်ခင်းများ တည်ထောင်ခြင်း၊ မျိုးစေ့သိုလှောင်ခြင်း၊ တိရစ္ဆာန်အစာသိုလှောင်ခြင်း၊ နို့စားနွားမွေးမြူရေးသုတေသနနှင့် သရုပ်ပြခြံဖွံ့ဖြိုးရေးဆိုင်ရာတို့ကို ဆောင်ရွက်လျက်ရှိပြီး တိရစ္ဆာန်အစာပင်မြက် ၁၁ မျိုးကို စိုက်ပျိုးထားကြောင်း သိရသည်။



အဆိုပါ နို့စားနွားမွေးမြူရေး သုတေသနနှင့် သရုပ်ပြခြံ (ပျဉ်းမပင်)တွင် တိရစ္ဆာန်အစာပင်မျိုးစေ့နှင့် ပျိုးပင်များအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးပေးနိုင်ရန်၊ မျိုးထုတ်စိုက်ခင်းများမှ ထုတ်လုပ်သည့် မျိုးစေ့များအား မျိုးစေ့အရည်အသွေး ကျဆင်းမှုမရှိဘဲ ထိန်းသိမ်းထားရှိ ဖြန့်ဖြူးပေးနိုင်ရန်၊ ခြောက်သွေ့ကာလ၌ ခြံတွင်းမွေးမြူထားသော တိရစ္ဆာန်များအား အာဟာရဓာတ်ပြည့်ဝသော တိရစ္ဆာန်အစာ ချဉ်ဖတ်ကျွေးနိုင်ရန်နှင့် တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်း၊ ကျွေးမွေးခြင်းနှင့်စပ်လျဉ်း၍ သရုပ်ပြခြင်း၊ ပညာပေးခြင်း၊ လေ့ကျင့်ခြင်းနှင့် ဆက်စပ်သုတေသန ပြုလုပ်ခြင်းတို့ဆောင်ရွက်ရန်၊ နို့စားနွား မွေးမြူရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ မွေးမြူရေးဆိုင်ရာပညာပေးလုပ်ငန်းများနှင့် အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်၍ အချက်အလက်နှင့်နည်းပညာဖြန့်ဖြူးနိုင်ရန် စသည်တို့ကို ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိသည်။

"နို့စားနွား မွေးမြူရေး သုတေသနနဲ့ သရုပ်ပြခြံမှာ တိရစ္ဆာန်အစာပင် ၁၁၁ ဧကစိုက်ထားရာမှာ အချို့ပေါင်းထူတဲ့ အခင်းတွေ ပြန်ပြင်ဖို့ရှိပြီးတော့ ဧက ၁၀၀ ခန့် အောင်မြင်နေပါတယ်။ စစိုက်ပြီး နှစ်လဝန်းကျင်ဆိုရင် ရိတ်ပြီး ကျွေးလို့ရပါပြီ။ မျိုးစေ့ထုတ် စိုက်ခင်းဆိုရင် ဒီကာလကစပြီး ဒီဇင်ဘာလမှာ မျိုးစေ့ထုတ်လို့ရပါပြီ။ အနှံယူပြီးတာနဲ့ အပင်ကိုရိတ်လို့ရပါတယ်။ တောင်သူတွေအားလုံး စိုက်ပျိုးနိုင်မယ်ဆိုရင် စားမြုံ့ပြန်တိရစ္ဆာန်တွေအတွက် အရည်အသွေးကောင်းပြီး အာဟာရတန်ဖိုးမြင့်တဲ့ အစာကြမ်းကိုရနိုင်သလို တိရစ္ဆာန်အရည်အသွေးနဲ့ ထုတ်ကုန်တန်ဖိုးကိုလည်း ထိန်းသိမ်းမြှင့်တင်ပေးရာ ရောက်စေပါတယ်။ ဌာနအနေနဲ့ မွေးမြူရေးတောင်သူတွေကို အစာပင်စိုက်ပျိုးတဲ့ နည်းပညာပေးတာ၊ မျိုးပြန့်ပွားရေးအတွက် နည်းစနစ်ပိုင်းဆိုင်ရာ အကြံပြုတာ၊ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးပေးတာ လုပ်ဆောင်ပေးပါတယ်" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျဉ်းမပင်ခြံမှ ဒေါက်တာသက်နိုင်ဝင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် တိရစ္ဆာန်အစာပင် စိုက်ပျိုးသူများထံ မွေးမြူရေးတောင်သူများ လိုအပ်သည့် အစာကြမ်းမြက်ချိုများ လိုသလောက်မရဘဲ စိုက်ပျိုးမှုထက် ဝယ်လိုအားများလျက် ရှိရာ မွေးမြူရေးတောင်သူများ ကိုယ်တိုင်စိုက်ပျိုးနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မျိုးစေ့များကို ဖြန့်ဖြူးပေးလျက်ရှိသည်။

**သစ္စာ(mna)၊ ဓာတ်ပုံ - ဇွဲမာန်**

## ကျိုက်မရောမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ကျိုက်မရော ဩဂုတ် ၁၆**

မွန်ပြည်နယ် ကျိုက်မရော မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိန်ဝေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်ဇင်ထွန်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများအကြောင်း ရှင်းလင်းဆွေးနွေးရာတွင် အာဟာရပြည့်ဝသော အစားအစာများ စားသောက်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မွေးကင်းစမှခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ အသက်နှစ်နှစ်မှ ငါးနှစ်အထိ ကလေးများကို သန်ချဆေးတိုက်ကျွေးခြင်း စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရဖွံ့ ဖြိုးရေး ရက်သတ္တပတ်စတုတ္ထသီတင်းပတ်တွင် အိုင်အိုဒင်းချို့တဲ့မှုရောဂါပပျောက်ရေးနှင့် အာဟာရဖြည့်စွက်ရေး ရက်သတ္တပတ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဆက်လက်၍ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့် အစားအစာနှင့် ကြက်ဥများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**



# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေး ဆိုင်ရာ အသိပညာပေး ရှင်းလင်း ဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) ၌ ကျင်းပသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဂတိလိုက်စားမှုဆိုင်ရာ အသိပညာနှင့် တားဆီး ကာကွယ်ရေးလုပ်ငန်းသည် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များအား ဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်သည့်အတွက် အဂတိတရားများ ကင်းရှင်းစေရန် အသိပညာပေးခြင်း၊ တားဆီး ကာကွယ်ခြင်းများကို ထိရောက်စွာ ဆောင်ရွက်ပေးခြင်းဖြင့် ဝန်ထမ်းများကို အဂတိလိုက်စားမှု ကင်းစင်စေမည်ဖြစ်ပြီး အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှု မြင့်မားလာစေမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးနှင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေမည်ဖြစ်သောကြောင့် ဝန်ထမ်းများအနေဖြင့် သိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်း။

ဝန်ထမ်းများသည် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဖြောင့်မတ် တည်ကြည်မှုရှိရန်၊ တာဝန်ယူ / တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊ ကျောသားရင်သား မခွဲခြားဘဲ မျှတစွာ၊ အဂတိတရား ကင်းရှင်းစွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း။ ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ယနေ့ ဆွေးနွေးပွဲမှရရှိသည့် အသိအမြင် ဗဟုသုတများဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကာ အဂတိတရားကင်းစင်သည့် ဝန်ကြီးဌာနဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့်စုံစမ်းစစ်ဆေးရေး ကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေး ကဏ္ဍများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြကာ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့် ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်း ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီးဒေါက်တာဝါဝါမောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများက လူကိုယ်တိုင်နှင့် Online တို့ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စိုက်ပျိုးရေးတောင်သူများ စပါးမျိုးကောင်းမျိုးသန့် ရရှိအသုံးပြုနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယမန်နေ့က ဒုတိယဝန်ကြီးဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ New Asia Hi-Tech Seeds ကုမ္ပဏီသို့ သွားရောက်၍ ရောမင်း၊ ဆင်းသုခ၊ နံ့ကောက်ထွန်း၊ နယူးရောစပါးသီးနှံ မျိုးစေ့ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ကုမ္ပဏီ တာဝန်ခံ ကရက် ၉၀ စပါးမျိုးများဖြစ်သော ရောမင်း၊ ဆင်းသုခ၊ နံ့ကောက်ထွန်း၊ နယူးရောစပါး စပ်မျိုးများ၏ မျိုးစေ့ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် ကုမ္ပဏီကိုယ်တိုင် စိုက်ပျိုးထားမှု၊ ကန်ထရိုက် လယ်ယာစနစ်ဖြင့် စိုက်ပျိုးထားမှုနှင့် အကျိုးတူပူးတွဲ စိုက်ပျိုးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကုမ္ပဏီမှထုတ်လုပ်သည့် စပါးမျိုးများအနေဖြင့် အထွက်နှုန်း ကောင်းမွန်စေရေး၊ ဈေးကွက်ဝင် အဆင့်မီဖြစ်စေရေး၊ စားသုံးမှုအရသာ ကောင်းမွန်စေရေး၊ စိုက်ပျိုးသည့် တောင်သူများ ဝင်ငွေတွက်ခြေကိုက်မှုရှိစေရေး စသည့်အရည်အသွေးပြည့်မီသော စပါးမျိုးများဖြစ်အောင် ထုတ်လုပ်ရန်၊ သုတေသနလုပ်ငန်းများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန် တိုက်တွန်း မှာကြားလိုပါကြောင်း၊ စိုက်ပျိုးရေး အောင်မြင်ရန် လိုက်နာရမည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ မြေယာစနစ်တကျ ပြုပြင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ နည်းပညာရရှိရေး စသည့်အချက်လေးချက်ကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးနှင့် မိရိုးဖလာစိုက်ပျိုးစနစ်ထက် စက်မှုလယ်ယာစနစ်တွင် ကျယ်စွာ အသုံးပြုလာစေရေးတို့အတွက် တာဝန်ရှိသူများက အသိပညာပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကုမ္ပဏီပိုင်မြေ ၆၅ ဧကတွင် ပျိုးထောင်စနစ်ဖြင့် နံ့ကောက်ထွန်းစပါးမျိုးများ စိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာအုပ်များလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုဘုရားရှိ အရှင်အာနန္ဒာ စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာအုပ်များ လှူဒါန်းခြင်းကို ဩဂုတ် ၁၅ ရက်က အဆိုပါ စာကြည့်တိုက်အတွင်း ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လေးဟာကနှင့် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်တို့က အမှာစကားပြောကြားပြီး မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါ်မြမြဝင်းက စာကြည့်တိုက် ရေရှည်တည်တံ့နိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ စာကြည့်တိုက်များ တိုးပွားနိုင်ရေးအတွက် နိုင်ငံတော်မှ အလေးပေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ထောက်ပံ့လှူဒါန်းသော စာအုပ်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှူဒါန်းပေးအပ်ရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှကြည်က လက်ခံယူသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်၌ ကျားမတန်းတူအခွင့်အရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်လှစ်

**ရွှေတောင် ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အသိပညာပေး တစ်ရက်တာသင်တန်းကို အသေးစားစက်မှုလက်မှုဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းတွင် ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြအေးက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး ဆက်လက်၍ ရွှေတောင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိမိချိုနှင့် ပြည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်မို့မို့အေးတို့က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအကြောင်းအရာများအား အသိပညာပေး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ သင်တန်းဆရာမများမှ ပြန်လည်ဖြေကြားပေးခဲ့သည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းရှီးပြည်နယ် ချန်ကျိုမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ - တရုတ်ရက်သတ္တပတ် ၂၀၂၄ သို့ ပါဝင်တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၆**

အာဆီယံ-တရုတ်ရက်သတ္တပတ်-၂၀၂၄ (ASEAN China Week) ကို အာဆီယံ - တရုတ်ဘက်စုံ မဟာဗျူဟာကျသော ပူးပေါင်းဆောင်ရွက်မှု-ဆန်းသစ်တီထွင်မှုများဖြင့် ကြွယ်ဝချမ်းသာခြင်းဆီသို့ (ASEAN-China Comprehensive Strategic Partnership: Achieving Prosperity through Innovation) ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၁ ရက်မှ ၁၂ ရက်အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရှန်းရှီးပြည်နယ် ချန်ကျိုမြို့ ချန်ကျိုဘင်ဟု ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းစင်တာ (Changzhi Binhu Cultural and Tourism Services Center) ၌ ကျင်းပပြုလုပ်ခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဩဂုတ် ၁၁ ရက်တွင် အာဆီယံ-တရုတ်စင်တာမှ အတွင်းရေးမှူးချုပ် မစ္စတာရှီကျုံးကျွင့်နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးနှင့် တရုတ်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသအကြောင်းများ ပိုမိုသိရှိရေးအတွက် ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီပေးစေလိုသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရှန်းရှီးပြည်နယ်အစိုးရ ခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေးပွဲသို့ ဆက်လက်တက်ရောက်ခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့်အတူ အာဆီယံ-တရုတ်ရက်သတ္တပတ် အစီအစဉ်နှင့်ပူးတွဲကျင်းပပြုလုပ်သည့် အာဆီယံ-တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြခန်းများ ခင်းကျင်းပြသနေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး ညနေပိုင်းတွင် ရှန်းရှီးပြည်နယ်အစိုးရက တည်ခင်းကြိုဆိုဧည့်ခံသော ညစာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။

ဩဂုတ် ၁၂ ရက်တွင် အာဆီယံ-တရုတ် ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ CPC ရှန်းရှီးပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ရှန်းရှီးပြည်နယ် မြို့တော်ဝန် မစ္စတာ ကျင်းရှန်းကျွင်း၊ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ နိုင်ငံဖြစ်သည့် လာအိုနိုင်ငံမှ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Khanbay Damlath၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ် ခေါင်းဆောင်များ၊ အာဆီယံ-တရုတ် စင်တာမှ အတွင်းရေးမှူးချုပ် မစ္စတာ ရှီကျုံးကျွင့်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ အဆင့်မြင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးသံမှူးများ၊ ကျောင်းသားလူငယ်များ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ သတင်းမီဒီယာများ ပါဝင်တက်ရောက်ကြသည်။




အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပါဝင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ကြွယ်ဝချမ်းသာမှုများ အပြန်အလှန်ရရှိနိုင်ပါကြောင်း၊ ထို့အပြင် အာဆီယံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအကြား ပြည်သူအချင်းချင်း ယဉ်ကျေးမှုများနှင့် ဆက်သွယ်သွားလာမှုများ အပြန်အလှန် တိုးမြှင့်ခြင်းဖြင့် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုများအပြင် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုတိုးတက်လာနိုင်ပါကြောင်း၊ ထိုမှတစ်ဆင့် ဒေသတွင်းခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပြန်လည်အကျိုးပြုနိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် အစီအစဉ် ဒုတိယပိုင်းအဖြစ် အာဆီယံ-တရုတ်နိုင်ငံအကြား အရည်အသွေး ပြည့်ဝသော ထုတ်လုပ်မှုများကို တွန်းအားပေးရေး၊ ဒေသတွင်းကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာနှင့် တီထွင်ဖန်တီးမှုများ တိုးမြှင့်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် "အာဆီယံ-တရုတ် သွင်းကုန်ထုတ်ကုန် ဝန်ဆောင်မှု ပလက်ဖောင်း" ဖွင့်လှစ်ခြင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးဗီဒီယိုပြသခြင်း၊ အာဆီယံ-တရုတ်စင်တာ၏ အမှတ်တံဆိပ်လာဘ်ကောင် ဖန်တီးမှုဆုများ ချီးမြှင့်ခြင်းနှင့် အမှတ်တရဓာတ်ပုံ ရိုက်ကူးခြင်း အစီအစဉ်များသို့ ပါဝင်တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနှင့်တရုတ်ပြည်သူ့ သမ္မတနိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်မှု အပြန်အလှန်မျှဝေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် အာဆီယံနှင့်တရုတ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်မှုများတွင် ခရီးသွားကဏ္ဍမှ ကြားခံအဖြစ် ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တရုတ်ပြည်သူ့ သမ္မတနိုင်ငံရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ သံရုံးများမှ စီးပွားရေးဆိုင်ရာ အရာရှိများ၊ သံမှူးများက မိမိတို့၏ နိုင်ငံများအလိုက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများကို ပါဝင်ဆွေးနွေးခဲ့ရာ မြန်မာသံရုံး ပေကျင်းမြို့ရှိ စီးပွားရေးသံမှူး ဒေါ်သင်းသင်းအောင်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရာ၌ ရရှိနိုင်မည့် ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ မြေနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အကျိုးခံစားခွင့်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံတွင် ဗီဒီယိုများ လွှင့်တင်ကြော်ငြာသော ဝက်(ဘ်)ဆိုဒ် မီဒီယာ ပလက်ဖောင်း တစ်ခုဖြစ်သည့် ဘီလီဘီလီ (bilibili) မှ ကိုယ်စားလှယ်နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဗီဒီယိုများကို ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုသည်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ညပိုင်းတွင် အာဆီယံ-တရုတ် ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် တေးဂီတဖျော်ဖြေပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက် အားပေးခဲ့သည်။

အာဆီယံ-တရုတ် ရက်သတ္တပတ် အစီအစဉ်နှင့် ပူးတွဲကျင်းပပြုလုပ်သည့် အာဆီယံ-တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပြခန်းများတွင် မြန်မာနိုင်ငံမှ အထင်ကရခရီးစဉ်ဒေသများနှင့် ယဉ်ကျေးမှုအနုပညာများ၊ ယွန်းထည်ပစ္စည်းများနှင့် တရုတ်ဘာသာဖြင့် ရေးသားထားသော ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လက်ကမ်းစာစောင်များကို ပါဝင်ပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုဗဟိုအဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ



**နေပြည်တော် ဩဂုတ် ၁၆**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုဗဟိုအဆင့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျန်းမာရေး ဝန်ကြီးဌာန ရုံးအမှတ် (၄) Meeting Hall ၌ ကျင်းပ သည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာညွန့်ဖေက ကျောင်းအခြေပြု ကျောင်းကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းကို အမျိုး သားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား လူငယ် များကို ဗလငါးတန် ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့် ပေးသကဲ့သို့ ကျောင်းသားလူငယ်တစ်ရပ်လုံးတွင် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ (Healthy Lifestyles) အလေ့အထများ စွဲမြဲစေရန်နှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာ စေရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်း၍ နှစ်စဉ်ဩဂုတ်လ ဒုတိယပတ်ကို ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ်သတ်မှတ်ပြီး ကျောင်းကျန်းမာ ရေး လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါ ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ရန်အတွက် ကျောင်းကျန်းမာရေးဆိုင်ရာ သင်တန်း များ၊ ဆေးနှင့် ဆေးပစ္စည်းများပံ့ပိုးပေးခြင်း၊ နည်းပညာ ပံ့ပိုးပေးခြင်း၊ ကျောင်းအခြေပြုကျန်းမာရေး အသိ ပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ကျန်းမာရေးအသိပညာပေး အထောက် အကူပစ္စည်းများ ထုတ်လုပ်ပံ့ပိုးပေးခြင်း စသည် တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာ မူလတန်းကျောင်းသားများ၏ ၉၀ ရာခိုင်နှုန်း ကျော်ကို အထွေထွေကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၈၅ ရာခိုင်နှုန်းကိုလည်း ကျောင်းအခြေပြု ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါ ကြောင်း၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသူ၊ ကျောင်းသားများ၏ ၉၅ ရာခိုင်နှုန်း ကျော်အား သန်ချဆေးတိုက်ကျွေးခြင်းနှင့် အထက် တန်း၊ အလယ်တန်းကျောင်းသူများအား သံဓာတ်အား ဆေးတိုက်ကျွေးခြင်းကို အခြေခံပညာဦးစီးဌာန၊ သက်ဆိုင်ရာကျောင်းများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် **“ဗလငါးတန် ဖွံ့ဖြိုးရေး၊ ကျောင်း ကျန်းမာရေးအလေးပေး”** ဆိုသည့်အတိုင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် အဓိကလူ့စွမ်းအားအရင်းအမြစ် ဖြစ်သည့် ကျောင်းသားလူငယ်များ၏ ကျန်းမာရေး အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အခြားဆက်စပ်ဌာနများ၏ ပံ့ပိုးကူညီမှု နှင့်အတူ ရှေ့ဆက်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကျောင်းကျန်းမာရေးလုပ်ငန်းများ အား အကောင်းဆုံးပူးပေါင်းဆောင်ရွက်နိုင်သော တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနများကို ဆုချီးမြှင့်ခြင်း၊ ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ်လှုပ်ရှားမှုဗီဒီယို ပြသ ခြင်း၊ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှု ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အမှတ် (၁၁) အခြေခံပညာ အထက်တန်းကျောင်း (ဇမ္ဗူသီရိမြို့နယ်)တွင် ကျန်းမာ ရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ သိရှိစွဲမြဲ ကျင့်သုံးစေပြီး ကျန်းမာရေးအဆင့်အတန်း မြင့်မား တိုးတက်လာစေရေးအတွက် ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ခြင်းလုပ်ငန်းများ ဖြစ်သည့် ကျောင်းသား ကျောင်းသူများက လက်ဆေး နည်းအဆင့်ဆင့် သရုပ်ပြခြင်း၊ အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေး အသိပညာ ပေးခြင်း၊ အာဟာရအုပ်စု သုံးစုအကြောင်းနှင့် ကျန်းမာ ရေးနှင့်ညီညွတ်သော အစားအသောက်များ စားသုံး ခြင်းအကြောင်းကို အင်္ဂလိပ် -မြန်မာ နှစ်ဘာသာဖြင့် ရှင်းလင်းတင်ပြခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် သရုပ်ပြခြင်း၊ “ထမင်းဘူးမူ” ပြသခြင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များက အလယ်တန်းကျောင်းသူ များအား သံဓာတ်အားဆေးများ တိုက်ကျွေးခြင်း၊ KG ကျောင်းသား ကျောင်းသူများအား အာဟာရ (နို့၊ ကြက်ဥနှင့် ငှက်ပျောသီးများ) ပေးဝေခြင်း၊ မူလ တန်းကျောင်းသား ကျောင်းသူများအား သွားကျန်းမာ ရေး စစ်ဆေးခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်းကို သရုပ်ပြခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားနည်း များ သရုပ်ပြခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက် နေမှုကို ကြည့်ရှုအားပေးသည်။

ထို့အပြင် ကျောင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များဖြစ်သည့် ကျောင်းနေအရွယ် ကလေး များအတွက် မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှု များဖြစ်သော တစ်ကိုယ်ရေသန့်ရှင်းရေးအပါအဝင် အထွေထွေကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်ခန္ဓာ ကြီးထွားဖွံ့ဖြိုးမှုစစ်ဆေးခြင်း၊ ပဏာမမျက်စိ ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်၍ ကျောင်းသားတစ်ဦးစီ၏ ကျောင်းကျန်းမာရေး စစ်ဆေးမှုမှတ်တမ်းကတ်တွင် အတန်းအလိုက် ဖြည့်သွင်းထားရှိမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ROSATOM နှင့် ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၄ ဒုတိယနေ့အစီအစဉ်များကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာတို့၌ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း အေဂျင်စီ (ROSATOM)နှင့် သိပ္ပံ နှင့်နည်းပညာ ဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၄၊ ဒုတိယနေ့ အစီအစဉ်များ ကို ယနေ့တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပရာ ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်အားပေးသည်။




နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး သည် ရန်ကုန်နည်းပညာ တက္ကသိုလ်သို့ရောက်ရှိပြီး ပွဲတော် လာ ကျောင်းသားများကို ရင်းရင်း နှီးနှီးနှုတ်ဆက်ကာ စုဝေးခန်းမ ၌ Science Battle ယှဉ်ပြိုင် နေမှုများကို တာဝန်ရှိသူများ၊ ကျောင်းသားများနှင့်အတူ ကြည့်ရှု အားပေးသည်၊

ယင်းပြိုင်ပွဲတွင် နည်းပညာ နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသားများ ပါဝင်သော အသင်းရှစ်သင်းတို့က သက်ဆိုင် ရာ ဘာသာရပ်များကို Perfor- mance များဖြင့် ပါဝင်ယှဉ်ပြိုင် ကြပြီး အခမ်းအနားသို့ တက် ရောက်လာသော ကျောင်းသား ၂၀၀ က voting စနစ်ဖြင့် အမှတ် ပေးကြရာ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်မှ အသင်း က ပထမဆု၊ ရန်ကုန်နည်းပညာ တက္ကသိုလ်မှ အသင်းက ဒုတိယ ဆုနှင့် နည်းပညာတက္ကသိုလ် (သန်လျင်)မှ အသင်းက တတိယ ဆုများရရှိကြသည်။ ဒုတိယဝန်ကြီး က ဆုများကို ချီးမြှင့်ပေးအပ်ပြီး **(အပေါ်ပုံ)** ပြိုင်ပွဲဝင် ကျောင်းသား အားလုံးကို ROSATOM မှ တာဝန် ရှိသူနှင့် ရန်ကုန်နည်းပညာ တက္ကသိုလ် ပါမောက္ခချုပ်တို့က Certificates များကို ပေးအပ်ကြ သည်။ ထို့နောက် ဒုတိယဝန်ကြီး သည် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး ပြိုင်ပွဲဝင်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြု ကြောင်းနှင့် နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ရန်ကုန်နည်းပညာတက္ကသိုလ် ၌ ယမန်နေ့က HackAtom ပြိုင်ပွဲဝင်အသင်းများ၏ အသင်း လိုက်ယှဉ်ပြိုင်ဖြေဆိုကြမှုများကို Moscow Engineering Physics Institute မှ ပါမောက္ခများပါဝင် သောဒိုင်အဖွဲ့က မေးခွန်းများကို မေးမြန်းပြီး အကဲဖြတ်အမှတ်ပေး ကြသည်။ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရအသင်း များအား ဂုဏ်ပြုဆုများ ချီးမြှင့် ကြပြီး Moscow Engineering Physics Institute မှ ပါမောက္ခ များက ပြိုင်ပွဲဝင်အသင်းများအား ROSATOM မှ Certificates များ နှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ROSATOM မှ တာဝန်ရှိသူများနှင့် Moscow Engineering Physics Institute မှ ပါမောက္ခများအား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။

ထို့အတူ ဒုတိယနေ့ အစီအစဉ် များကို နျူကလီးယားသတင်း အချက်အလက် စင်တာတွင်လည်း ဆက်လက်ကျင်းပရာ နံနက်ပိုင်း တွင် Public Discussion ကို ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနတို့ရှိ တက္ကသိုလ်အသီးသီးမှ ဆရာ ဆရာမများသည် Hybrid စနစ်ဖြင့် တက်ရောက်ကြပြီး Fun Science အစီအစဉ်မှ “Sink or Swim Boat Challenge” တွင် အခြေခံပညာ အလယ်တန်းမှ ကျောင်းသားများ တက်ရောက် ဆင်နွှဲကြသည်။ အဆိုပါစင်တာ၌ ညနေပိုင်းတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်တို့မှ ကျွမ်းကျင်ပညာ ရှင် သုံးဦးကို အစီအစဉ်တင်ဆက် သူက နျူကလီးယား နည်းပညာ ဆိုင်ရာ မေးခွန်းများ အပြန်အလှန် ဆွေးနွေးကြသည်များကို ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်အားပေးသည်။

အလားတူ Moscow Engi- neering Physics Institute မှ ပါမောက္ခများက “Career guidance Session” အစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရှိ အထက (၂) မင်္ဂလာဒုံနှင့် TTC (ကမာရွတ်) ကျောင်းတို့၌ ပြုလုပ် ပြီး ကျောင်းသားများက “သင့်ရဲ့ သိပ္ပံဆိုင်ရာ ကျွမ်းကျင်မှုကို ဘယ်လိုမြှင့်တင်မလဲ” ဂိမ်းကစား နည်းများဖြင့် ပါဝင်ဆင်နွှဲကြ ကြောင်း သိရသည်။

**သတင်းစဉ်**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော် လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာ ပန်းရဂုံစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆** နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာအုပ်စုသဲကောကြီးကျေးရွာ ပန်းရဂုံစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သဲကောကြီးကျေးရွာအုပ်ချုပ်ရေးမှူးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ကာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး စာကြည့်တိုက်အတွင်း လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ သဲကောကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သဲကောကြီးကျေးရွာအုပ်စု သဲကောကြီး အခြေခံပညာအထက်တန်းကျောင်း၌ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် စာရေးဆရာမ ဒေါ်ခင်လယ်လယ်ချစ်က "ယနေ့လူငယ်နောင်ဝယ်အင်အား"ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌက စာရေးဆရာမ ဒေါ်ခင်လယ်လယ်ချစ်ကို ဂုဏ်ပြုလက်ဆောင် ပေးအပ်၍ ဒုတိယဝန်ကြီးက သဲကောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများနှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ကျောင်းအုပ်ကြီးထံ ထောက်ပံ့ပေးအပ်သည်။



ယင်းနောက် တက်ရောက်လာကြသည့်ကျောင်းသား ကျောင်းသူများအား လူငယ်ရေးရာ ဉာဏ်စမ်းပဟေဠိ မေးခွန်းများကို မေးမြန်းရာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့ ဓမ္မရာဇပရိယတ္တိစာသင်တိုက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒာသီရိအား သွားရောက်ဖူးမြော်ကြည်ညိုကာ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများကို ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(မြန်/ဆက်)**

# ကယားပြည်နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် ဩဂုတ် ၁၆** ကယားပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရှိန်ရရှိပြီဖြစ်၍ ပြည်သူများ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယင်းအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် အချိုးညီညီ တိုးတက်ရေး ဆောင်ရွက်ကြရန်ဖြစ်ပြီး ခရိုင်၊ မြို့နယ်ရုံးများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိက ဆောင်ရွက်ရမည့် ဌာနများဖြစ်၍ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများ ကြိုးစားအားထုတ်မှုကောင်းပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အချိန်တိုတိုအတွင်း အောင်မြင်မှုရရှိလာမည်ဖြစ်ပါကြောင်း၊ စာရင်းဇယားအချက်အလက်များ မှန်ကန်မှုရှိစေရေး အလေးထားဆောင်ရွက်ကြရန်နှင့် စီမံကိန်းလျာထားချက်များပြည့်မီရေး ကြိုးစားဆောင်ရွက်ကြရန်၊ အခွန်အကောက်များ ပြည့်ဝစွာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။



ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ် အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ အာဟာရရက်သတ္တပတ် လှုပ်ရှားမှုကို ကျန်းမာရေးဌာန၊ မိခင်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ဩဂုတ် ၁၆ ရက်က မိခင်နို့စနစ်တကျ တိုက်ကျွေးရေးပညာပေးခြင်း၊ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ အဏုအာဟာရမှုန့်ဖြန့်ဝေခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်အာဟာရပြည့်ဝစေရေး ကျန်းမာရေးပညာပေးခြင်း၊ အိုင်အိုဒင်းဆားစားသုံးရန်ပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်စဉ်။

ကိုမင်း(အုတ်တွင်း)

❑ *ကျောဖုံးမှ*
အနိုင်ရခဲ့သည်။ အမှတ်ပေးချန်ပီယံဆုကို စံချိန်တင် ခြောက်ကြိမ်မြောက်နှင့် ငါးရာသီဆက်ရယူနိုင်ရန် ပစ်မှတ်ထားနေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစဉ် (၆) အပြီး ဒုတိယနေရာတွင် ရပ်တည်နေသည့် ဟံသာဝတီကိုအနိုင်ယူပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသော်လည်း နိုင်ငံခြားသားကစားသမားများနှင့် လက်ရွေးစင်အဆင့်ကစားသမားအများစုပါဝင်သည့် ရှမ်းယူနိုက်တက်အသင်းက ပိုမိုဖိအားပေးနိုင်ခဲ့သည်။ နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် ဦးတည်ကစားခဲ့ပြီး ၂၂ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းက အသင်းဟောင်းဘက်သို့ ဂိုးပြန်သွင်းကာ ရှမ်းယူနိုက်တက်အသင်းကို အဖွင့်ဂိုးရရှိစေခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဟံသာဝတီအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်း ခံစစ်အမှားမရှိဘဲ မိနစ် ၇၀ တွင် တောင်ပံ တိုက်စစ်ကစားသမား ဘာကာယိုကိုက ရှမ်းယူနိုက်တက်အတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ ခွန်ကျော်ဇင်ဟိန်းက ရရှိသည်။ ယခုပွဲအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းက ခုနစ်ပွဲ ကစား ၁၉ မှတ်၊ ဟံသာဝတီအသင်းက ခုနစ်ပွဲကစား ၁၆ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် Dagon Port အသင်းက ရခိုင်ယူနိုက်တက် အသင်းကို လေးဂိုး - သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ တန်းတက် Dagon Port အသင်းက အပြန်အလှန်သွင်းဂိုးများဖြင့် နိုင်ပွဲထပ်မံရယူနိုင်ခဲ့ပြီး ရခိုင်ယူနိုက်တက် အသင်းမှာမူ ရာသီအစ ခုနစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့သည်။ Dagon Port အသင်းအတွက် ဂိုးများကို ကောင်းမြတ်ကျော်က ၃၈၊ ၄၁၊ ၆၁ မိနစ်တွင် ဟက်ထရစ်၊ ထွန်းထွန်းသိန်းက မိနစ် ၇၀ တွင် တစ်ဂိုးသွင်းယူပြီး ရခိုင်ယူနိုက်တက်အတွက် ဂိုးများကို ၂၅ မိနစ်တွင် ထွန်းထွန်းအောင်၊ ၇၈ မိနစ်တွင် သန်းကျော်ဌေး၊ ၉၀+၁ မိနစ်တွင် ဂျိုးဇက်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် ကောင်းမြတ်ကျော်က ရရှိသည်။ ယခုပွဲအပြီးတွင် Dagon Port အသင်းက ၁၀ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက တစ်မှတ် ရရှိထားသည်။ ပွဲစဉ် (၇)ဒုတိယနေ့ကို ဩဂုတ် ၁၇ ရက်**(ယနေ့)**တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ဓာတ်ပုံ-MNL**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် နှစ်ပတ်လည်နေ့ဂုဏ်ပြုဆောင်းပါး

# အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်

K ဇင်သစ်(မန်းတက္ကသိုလ်)

### သမဝါယမအဖွဲ့ချုပ် စတင်ဖွဲ့စည်းခြင်း

၁၈၄၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ရော့ခ်ဒေးမြို့ ဖလန်နယ်စက်ရုံမှ အလုပ်သမား ၂၈ ဦးတို့က ၎င်းတို့၏ စီးပွားရေး၊ လူမှုရေးနိမ့်ကျနေမှုများကို ရင်ဆိုင်ဖြေရှင်းရန် သမဝါယမကုန်စုံဆိုင်တစ်ဆိုင်ကို ရင်းနှီးငွေစုပေါင်းထည့်ဝင်၍ ဖွင့်လှစ်ထူထောင်ခဲ့သည်မှစ၍ ကမ္ဘာ့သမဝါယမ စတင်ပေါ်ပေါက်ခဲ့သည်။ ၁၈၉၅ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၂၃ရက်အထိ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာ သမဝါယမ ညီလာခံတစ်ရပ် ကျင်းပခဲ့ပြီး ၁၉-၈-၁၈၉၅ ရက်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်(International Cooperative Alliance-ICA)ကို ထူထောင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ အဖွဲ့ချုပ်စတင်ဖွဲ့စည်းခဲ့စဉ်က အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ အင်္ဂလန်၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ ဟော်လန်၊ အိန္ဒိယ၊ အီတလီ၊ ဆွစ်ဇာလန်၊ ဆားဗီးယားနှင့် အမေရိကန် စုစုပေါင်း ၁၃ နိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ကြသဖြင့် ကမ္ဘာ့သမဝါယမများ၏ အမြင့်ဆုံးအဖွဲ့ကြီးအဖြစ် ရပ်တည်လာခဲ့ပါသည်။

၁၉၃၇ ခုနှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် အဖွဲ့ချုပ်၏ (၁၅)ကြိမ်မြောက် ညီလာခံတွင် ကမ္ဘာတစ်ဝန်းဖွဲ့စည်းထားသည့် သမဝါယမအသင်း/အဖွဲ့များအနေဖြင့် လက်ခံကျင့်သုံးလျက်ရှိသည့် သမဝါယမအခြေခံမူ(၅)ချက်ကို လိုက်နာနိုင်ရေး ထုတ်ပြန်ထားခဲ့ခြင်းအပေါ် ပြန်လည်ဆန်းစစ်သုံးသပ်ခဲ့ကြသည်။ ၁၉၄၆ ခုနှစ်တွင် နိုင်ငံရေးအရ ကြားနေခြင်း၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအတွက် ခိုင်မာအောင်ရပ်တည်ခဲ့ခြင်းများကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အသိအမှတ်ပြုခဲ့ပြီး အတိုင်ပင်ခံအဆင့်ကို လက်ခံရရှိခဲ့သည့် ကမ္ဘာ့ပထမဆုံး အစိုးရမဟုတ်သည့်အဖွဲ့အစည်း(INGO) သုံးခုထဲမှ တစ်ခုအဖြစ် ပါဝင်ခဲ့သည်။

### သမဝါယမ အခြေခံမူများ

တိုးချဲ့ဖွဲ့စည်းလာခဲ့ကြသည့် သမဝါယမအသင်း အဖွဲ့အစည်းများအနေဖြင့် အချင်းချင်းပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် လူသားအကျိုးပြုမှုနှင့် ကမ္ဘာကြီး ရှင်သန်ရပ်တည်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သောကြောင့် ၁၉၆၆ ခုနှစ်တွင် မူလသမဝါယမ အခြေခံမူ(၅)ချက်အပြင် နောက်ထပ်အခြေခံမူ(၁)ချက် ထည့်သွင်း၍ အခြေခံမူ(၆)ချက်ဖြင့် ဒုတိယအကြိမ် ပြန်လည်ပြင်ဆင်ခဲ့ကြသည်။

**ICA အဖွဲ့ဝင်နိုင်ငံအချို့တွင် ၃၁-၁၂-၂၀၂၀ ရက်အထိ အသင်းဖွဲ့စည်းမှုနှင့် အသင်းသားပါဝင်မှုဇယား**

| စဉ် | နိုင်ငံအမည် | ဖွဲ့စည်းပြီး သမဝါယမ အသင်းပေါင်း | အသင်းသား ဦးရေ(သန်း) |
|---|---|---|---|
| **အာရှနှင့်ပစိဖိတ်** | | | |
| ၁ | ဘင်္ဂလားဒေ့ရှ် | ၁၉၂၀၂၀ | ၁.၅၁ |
| ၂ | တရုတ် | ၃၀၂၈၁ | ၃.၄ |
| ၃ | အိန္ဒိယ | ၈၅၄၃၅၅ | ၂၉၀.၀၆ |
| ၄ | အင်ဒိုနီးရှား | ၂၁၂၁၃၅ | ၃၇.၇၈ |
| ၅ | ဂျပန် | ၄၂၀၀၀ | ၁၀၅.၀၀ |
| ၆ | မြန်မာ | ၃၈၆၅၃ | ၄.၁၉ |
| ၇ | ဖိလစ်ပိုင် | ၉၄၃၂ | ၇.၆၄ |
| ၈ | တောင်ကိုရီးယား | ၅၁၀၀ | ၀.၃၁ |
| ၉ | ဗီယက်နမ် | ၂၄၆၄၈ | ၇.၀၁ |
| ၁၀ | ထိုင်း | ၈၁၃၀ | ၁၁.၆၃ |
| **အာဖရိကတိုက်** | | | |
| ၁ | ကင်ညာ | ၂၅၀၅၀ | ၁၄.၀၀ |
| ၂ | ယူဂန်ဒါ | ၂၁၃၄၆ | ၅.၆ |
| **အမေရိကတိုက်** | | | |
| ၁ | ဘရာဇီး | ၆၈၂၈ | ၁၄.၆ |
| ၂ | အမေရိကန် | ၂၉၂၈၅ | ၃၅၀.၈၇ |
| **ဥရောပတိုက်** | | | |
| ၁ | ပြင်သစ် | ၂၂၅၈၉ | ၂၈.၇၄ |
| ၂ | ဂျာမနီ | ၇၃၁၉ | ၂၂.၅၄ |
| ၃ | ဗြိတိသျှ | ၇၀၆၃ | ၁၄.၀၀ |



ဂျီနီဗာမြို့ရှိ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်၏ ဌာနချုပ်ရုံး

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (ICA) အဖွဲ့ဝင် ကမ္ဘာ့ သမဝါယမအသင်း/အဖွဲ့များအနေဖြင့် ICA က သတ်မှတ်ပြဋ္ဌာန်းထားသည့် သမဝါယမအခြေခံမူများကို လိုက်နာ၍ အသင်းများဖွံ့ဖြိုးရေး ဆောင်ရွက်လာခဲ့ကြရာ ၁၉၉၅ ခုနှစ်တွင် ကျင်းပသည့် (၃၁) ကြိမ်မြောက် ကမ္ဘာ့သမဝါယမညီလာခံကြီးမှ (၇)ခုမြောက် အခြေခံမူကို သဘောတူချမှတ်နိုင်ခဲ့ခြင်းနှင့်အတူ သမဝါယမအဓိပ္ပာယ်၊ သမဝါယမကျင့်ဝတ်နှင့် အနှစ်သာရတို့ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းသို့ ထုတ်ပြန်ခဲ့သည့် သမဝါယမအထောက်အထား၊ လက္ခဏာဆိုင်ရာများကို ကမ္ဘာတစ်ဝန်းရှိ သမဝါယမများက လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်နေကြပါသည်။

**အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ အခြေခံမူ (၇) ချက်မှာ**

(၁) ဆန္ဒအလျောက် လွတ်လပ်စွာ အသင်းသားအဖြစ် ပါဝင်ခွင့်ရှိခြင်း၊
(၂) အသင်းသားများ၏ ဆန္ဒနှင့်အညီစီမံခန့်ခွဲခြင်း၊
(၃) သမဝါယမအသင်း၏ စီးပွားရေးလုပ်ငန်းများတွင် အသင်းသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
(၄) အသင်းအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် လွတ်လပ်မှုရှိခြင်း၊
(၅) ပညာပေးရေး၊ လေ့ကျင့်ရေးနှင့် သမဝါယမသတင်းအချက်အလက်ဖြန့်ဝေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(၆) သမဝါယမအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊
(၇) အခြေခံလူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးအတွက် တာဝန်ခံခြင်းတို့ဖြစ်သည်။

### သမဝါယမအဓိပ္ပာယ်နှင့်ကျင့်ဝတ်

သမဝါယမအသင်းဆိုသည်မှာ ဆန္ဒအလျောက် ပူးပေါင်းကြသူများက မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများ ဖြည့်ဆည်းရန်အလို့ငှာ ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သည်။ သမဝါယမကျင့်ဝတ်များမှာ-

(က) ရိုးသားခြင်း၊
(ခ) ပွင့်လင်းခြင်း၊
(ဂ) လူမှုရေး စိတ်ဓာတ်ရှိခြင်း၊
(ဃ) အများအကျိုးကို အလေးထားခြင်းတို့ဖြစ်သည်။

**သမဝါယမ၏ အနှစ်သာရများမှာ-**

(က) ကိုယ့်အားကိုယ်ကိုးခြင်း၊
(ခ) ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ခြင်း၊
(ဂ) အများဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း၊
(ဃ) တန်းတူညီမျှခြင်း၊
(င) တရားမျှတခြင်း၊
(စ) စည်းလုံးညီညွတ်ခြင်းတို့ ဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် အထက်ပါ သမဝါယမအထောက်အထား၊ လက္ခဏာဆိုင်ရာထုတ်ပြန်ချက်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(ILO)၏ သမဝါယမအသင်းများမြှင့်တင်ရေး ထောက်ခံအကြံပြုချက် 193 တွင် ထည့်သွင်းထားသည်ကို တွေ့ရပါသည်။

### ဒေသဆိုင်ရာရုံးခွဲများ

ICA အဖွဲ့ချုပ်အနေဖြင့် မူလစတင်ဖွဲ့စည်းခဲ့သည်မှ ၁၉၈၁ ခုနှစ်အထိ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ရုံးချုပ်အဖြစ် အခြေစိုက်ခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် အဓိကကျသော နိုင်ငံတကာအဖွဲ့အစည်း အများအပြားရုံးစိုက်ရာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ICA အဖွဲ့ချုပ်သည် အပြန်အလှန်ချိတ်ဆက်ပြီး ဗဟိုချုပ်ကိုင်မှုကင်းသော ကမ္ဘာလောက၏ စိန်ခေါ်မှုများကို ကူညီဖြည့်ဆည်းပေးရန်အတွက် အာဖရိက၊ အမေရိက၊ အာရှ-ပစိဖိတ်နှင့် ဥရောပတို့တွင် ၁၉၉၂ ခုနှစ်မှစတင်၍ ဒေသဆိုင်ရာရုံးခွဲလေးခုကို ထူထောင်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ICA အဖွဲ့ချုပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ပြောင်းရွှေ့ကာ အကျိုးအမြတ်ကို အဓိကမထားသော အသင်းအဖွဲ့တစ်ခုအဖြစ် ထူထောင်ခဲ့ပြီး ယနေ့တိုင် ICA ဌာနချုပ်(ရုံးချုပ်)အဖြစ် ဘရပ်ဆဲလ်မြို့တွင် တည်ရှိနေသည်။ ICA ၏ အဖွဲ့ဝင်များအနေဖြင့် လယ်ယာကဏ္ဍ၊ ဘဏ်လုပ်ငန်း၊ လက်လီအရောင်း(စားသုံးသူ)၊ ငါးလုပ်ငန်း၊ ကျန်းမာရေး၊ အိုးအိမ်၊ အာမခံ၊ စက်မှုနှင့် ဝန်ဆောင်မှု စသည့်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြပြီး သက်ဆိုင်ရာဒေသအလိုက် သမဝါယမအသင်းဝင်၊ အသင်းသားများ၏ လူမှုစီးပွားဘဝမြင့်မားရေး ဆောင်ကြဉ်းပေးလျက်ရှိနေပါသည်။

အာဖရိကဆိုင်ရာ ဒေသရုံးခွဲတွင် ၃၅ နိုင်ငံ၊ အမေရိကန်ရုံးခွဲတွင် ၂၁ နိုင်ငံ၊ အာရှပစိဖိတ်ဆိုင်ရာရုံးခွဲတွင် မြန်မာနိုင်ငံအပါအဝင် ၃၄ နိုင်ငံနှင့် ဥရောပရုံးခွဲတွင် ၂၉ နိုင်ငံ စုစုပေါင်း ကမ္ဘာ့နိုင်ငံ ၁၁၉ နိုင်ငံတို့က အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိပြီး သမဝါယမအသင်း/အဖွဲ့ ၃၀၅ ဖွဲ့တို့က ICA အသင်းဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

### မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်း

မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်းသည် ၇-၉-၁၉၉၃ ရက်တွင် ICA အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးနောက် ICA ၏ ထုတ်ပြန်ထားသော သမဝါယမသဘောတရားဆိုင်ရာစံနှုန်းများ၊ ကျင့်ဝတ်နှင့် အနှစ်သာရ၊ အခြေခံမူများနှင့်အညီ သမဝါယမအသင်းများဖွဲ့စည်းပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၁၉၉၂ ခုနှစ်တွင် ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ၏ တည်ဆဲသမဝါယမအသင်းဥပဒေတွင် မြန်မာ့သမဝါယမ အခြေခံမူ(၁၀)ချက်ကို ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်။

### သမဝါယမ အခြေခံမူ(၁၀) ချက်

(၁) အသင်းကို မိမိဆန္ဒအလျောက် ပါဝင်လိုသူများဖြင့် ဖွဲ့စည်းရန်

*စာမျက်နှာ ၁၁ သို့*

❖ **ပထမ၊ ဒုတိယကမ္ဘာစစ်ကြီးများ ဖြစ်ပွားခဲ့သော်လည်း ICA အနေ ဖြင့် ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့သည့် ရှေးအကျဆုံးသော လူမှုစီးပွားရေးအဖွဲ့အစည်းကြီးဖြစ်ကာ သမဝါယမလှုပ်ရှားမှုများ၏ ကျင့်ဝတ်၊ အနှစ်သာရနှင့် အခြေခံမူများကို အားပေးရန်နှင့် ကာကွယ်ရန်၊ အသင်းဝင်အဖွဲ့အစည်းများအကြား အပြန်အလှန်အကျိုးရှိသော ဆက်ဆံရေးကို လှုံ့ဆော်ရန်၊ စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုကို မျက်နှာသာပေး၍ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုရန်၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်ကူညီထောက်ပံ့မှုနှင့် ဒီမိုကရေစီကိုအခြေခံသည့် ကမ္ဘာ့သမဝါယမလှုပ်ရှားမှုကိုမြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် အဖွဲ့ဝင်များအတွက် အလေးထားဦးတည်ဆောင်ရွက်လျက် ရှိနေခြင်းကြောင့် ICA အနေဖြင့် နောင်နှစ်ပေါင်းများစွာ ကမ္ဘာမြေတွင် ရှင်သန်ရပ်တည်နေနိုင်မည်ဟု ယုံကြည်မိပါသည်**

# မြန်အောင်ခရိုင်မှ ရေနစ်မြုပ်၍ ထိခိုက်ပျက်စီးသည့် လယ်မြေများအတွက် မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့




**အင်္ဂပူ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင်အတွင်းရှိ လယ်မြေများ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးမှုအတွက် တောင်သူများအား မျိုးစပါးနှင့် သွင်းအားစု (ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာများ)ထောက်ပံ့ပေးအပ်ပွဲကို အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၅ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်အားပေးသည်။

မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်အောင်ခရိုင်အတွင်းရှိ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များမှ တောင်သူများအား ရက် ၉၀ မျိုးစပါးများကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်တို့က ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကိုလည်းကောင်း ပေးအပ်ပြီး အင်္ဂပူမြို့နယ်မှ ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အင်္ဂပူမြို့နယ် တလိုင်းကွင်းကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်မြေ ၆ ဒသမ ၁၂ ဧကမှ မိုးစပါး ရေကြီးနစ်မြုပ်ဧရိယာများတွင် အစားထိုးပြန်လည်စိုက်ပျိုးနေမှုကိုလည်း ကြည့်ရှုအားပေးခဲ့ပြီး ကောက်စိုက်သမများအား အချိုရည်နှင့် မုန့်များပေးအပ်ခဲ့သည်။ အင်္ဂပူမြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့သော စိုက်ခင်းများနေရာ၌ လက်ရှိအချိန်အထိ ဧက ၁၆၀၀ ခန့်ကို ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **မန်းကျော်(မြန်/ဆက်)**

# ကချင်ပြည်နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဒုတိယနှစ်စက်ဝန်းဖြင့် စီမံကိန်းများစတင်ရန် ဆောင်ရွက်မည်



**မြစ်ကြီးနား ဩဂုတ် ၁၆**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သော ကချင်ပြည်နယ်အဆင့် ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဒုတိယနှစ်စက်ဝန်းဖြင့် လုပ်ငန်းစီမံကိန်းများ အမြန်ဆုံးစတင်နိုင်ရေး၊ ရန်ပုံငွေများ ခွဲဝေချထားရာတွင် စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၅ ရက်က ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပထမနှစ်စက်ဝန်းကို အောင်မြင်စွာ မြန်ဆန်စွာဆောင်ရွက်နိုင်ခဲ့ပြီး ယခု ဒုတိယနှစ်စက်ဝန်းတွင် နယ်မြေအခြေအနေအရ အချိန်ယူဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ရန်ပုံငွေများကို လုပ်ငန်းစီမံကိန်းအလိုက် ပြည်သူများလက်ဝယ်သို့ အမြန်ဆုံး ခွဲဝေချထားပေးနိုင်ရေး စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရန်ပုံငွေများ ခွဲဝေချထားပေးရာတွင် လက်စွဲစာအုပ်ပါအတိုင်း စနစ်တကျဆောင်ရွက်ကြရေး၊ ငွေကြေးခွဲဝေချထားမှု၊ သုံးစွဲမှုနှင့် ငွေစာရင်းရှင်းတမ်းများ စနစ်တကျ စီမံခန့်ခွဲနိုင်မှသာ၊ လုပ်ငန်းစီမံကိန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ အကျိုးဖြစ်ထွန်းမှသာ လုပ်ငန်းအောင်မြင်မည်ဟု သတ်မှတ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရဲမင်းကျော်က လုပ်ငန်းစီမံကိန်းများအလိုက် ဒုတိယနှစ်စက်ဝန်းရန်ပုံငွေဖြင့် ချေးငွေများ ခွဲဝေချထားပေးမှုအခြေအနေများ၊ ပထမနှစ်စက်ဝန်း သုံးနှစ်စီမံကိန်းမှ ပြန်လည်ရရှိမည့် ရန်ပုံငွေအပါအဝင် ကော်မတီက စီမံခန့်ခွဲနိုင်သည့် လက်ကျန်ရန်ပုံငွေအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်အဆင့်ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းစီမံကိန်းများအလိုက် ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေများ၊ ထပ်မံတောင်းခံလာသည့် လုပ်ငန်းစီမံကိန်းများအပေါ် ခရိုင်/ မြို့နယ်အဆင့်ကော်မတီများမှ တင်ပြလာသည့် အခြေ အနေများ၊ ပထမနှစ်စက်ဝန်းမှ လုပ်ငန်းယူနစ်အလိုက် အတိုး/ အရင်းကောက်ခံရရှိမှု အခြေအနေများကို တင်ပြဆွေးနွေးပြီး ပြည်နယ်အဆင့် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဒုတိယနှစ်စက်ဝန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ငွေကြေးစီမံခန့်ခွဲမှုများ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေး၊ လုပ်ငန်းယူနစ်များအလိုက် ချေးငွေများ အမြန်ဆုံးခွဲဝေချထားလည်ပတ်နိုင်ရေးနှင့် လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများအကြား ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ **ပြည်နယ်(မြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

(၂) အသင်းသား(သို့မဟုတ်)ကိုယ်စားလှယ်သည် လူတစ်ကိုယ် ဆန္ဒမဲတစ်မဲပေးနိုင်သည့် ညီမျှသောအခွင့်အရေးရရှိ၍အသင်း၏ လုပ်ငန်းအရပ်ရပ်ကို အများ၏ဆန္ဒဖြင့်သာ စီမံခန့်ခွဲရန်

(၃) အသင်းတွင်ထည့်ဝင်ထားသော အစုအတွက်ရရှိရမည့် အကျိုးခံစားခွင့်ကို ကန့်သတ်ထားရန်

(၄) အသင်း၏လုပ်ငန်းမှ ထွက်ပေါ်လာသည့် အသားတင်အမြတ်ငွေများကို အသင်းသားများ၏ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေရန်

(၅) သမဝါယမ သဘောတရားနှင့် နည်းစနစ်ပြန့်ပွားရေး အတွက် ဆောင်ရွက်ရန်

(၆) ပြည်တွင်း/ပြည်ပရှိ သမဝါယမအသင်းအချင်းချင်း ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်

(၇) အသင်းသည် အသင်း၏စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်သည့် အဖွဲ့အစည်းသာဖြစ်စေရန်

(၈) အသင်းသည် အသင်းသား၊ အသင်းဝင်များ၏ အကျိုးကို ဦးတည်ဆောင်ရွက်ခြင်းဖြင့် ယင်းတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ရှေးရှုဆောင်ရွက်ရန်၊

(၉) အသင်းသားများ သို့မဟုတ် အသင်းဝင်များသည် အသင်း၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများဖြစ်ကြစေရန်

(၁၀) အသင်းသည် အသင်းသား၊ အသင်းဝင်များနှင့် အကျိုးတူစီးပွားဘက် လုပ်ကိုင်သူများ၏ အကျိုးစီးပွားအတွက် အချင်းချင်း၊ လုပ်အား၊ ပစ္စည်းတို့ပူးပေါင်း၍ အများ၏ ဆန္ဒဖြင့် စီမံခန့်ခွဲလုပ်ဆောင်သည့် အဖွဲ့အစည်းဖြစ်စေရန်

**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့**

၁၉၉၄ ခုနှစ်က ကျင်းပခဲ့သည့် (၄၉) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ် ဇူလိုင်လ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် ကြေညာခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးတွင် နှစ်စဉ် ဇူလိုင်လ ပထမပတ် စနေနေ့တိုင်း အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ကြသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများ၏ အထောက်အကူပြုဆောင်ရွက်မှုကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၂ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက တရားဝင်ကြေညာခဲ့ပြီး သမဝါယမလှုပ်ရှားမှုများကို မန်ချက်စတာမြို့၌ ကမ္ဘာ့သမဝါယမညီလာခံကျင်းပမှုနှင့်အတူ ကျင်းပခဲ့ကြသည်။ လာမည့် ၂၀၂၅ ခုနှစ်ကိုလည်း ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်အဖြစ် သတ်မှတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ICA သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၊ ဥရောပကော်မရှင်တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြပြီး ကုလသမဂ္ဂအဖွဲ့ကြီး၏ အလေးထား အသိအမှတ်ပြုခံနေရသည့် အဖွဲ့အစည်းကြီးအဖြစ် ရှင်သန်ရပ်တည်နေပါသည်။

ပထမ၊ ဒုတိယ ကမ္ဘာစစ်ကြီးများဖြစ်ပွားခဲ့သော်လည်း ICA အနေဖြင့် ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့သည့် ရှေးအကျဆုံးသော လူမှုစီးပွားရေး အဖွဲ့အစည်းကြီးဖြစ်ကာ သမဝါယမလှုပ်ရှားမှုများ၏ ကျင့်ဝတ်၊ အနှစ်သာရနှင့် အခြေခံမှုများကို အားပေးရန်နှင့် ကာကွယ်ရန်၊ အသင်းဝင်အဖွဲ့အစည်းများအကြား အပြန်အလှန်အကျိုးရှိသော ဆက်ဆံရေးကို လှုံ့ဆော်ရန်၊ စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုကို မျက်နှာသာပေး၍ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုရန်၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်ကူညီထောက်ပံ့မှုနှင့် ဒီမိုကရေစီကိုအခြေခံသည့် ကမ္ဘာ့သမဝါယမလှုပ်ရှားမှုကို မြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် အဖွဲ့ဝင်များအတွက် အလေးထား ဦးတည်ဆောင်ရွက်လျက်ရှိနေခြင်းကြောင့် ICA အနေဖြင့် နောင်နှစ်ပေါင်းများစွာ ကမ္ဘာမြေတွင် ရှင်သန်ရပ်တည်နေနိုင်မည်ဟု ယုံကြည်မိပါသည်။ ICA အဖွဲ့ဝင်မဖြစ်သေးသော နိုင်ငံများတွင်လည်း ယင်းတို့ဒေသနှင့် ပတ်သက်သည့် အမျိုးအစားများနှင့်စုပေါင်းဆောင်ရွက်သည့် အသင်း/အဖွဲ့များ ရှိနေနိုင်ပါသည်။

သို့ဖြစ်ရာ သမဝါယမများသည် ရာစုနှစ် နှစ်စုနီးပါးခန့် ကမ္ဘာမြေပေါ်တွင် ရှင်သန်ရပ်တည်နေခြင်းနှင့် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးစေကာမူ မတူကွဲပြားမှုကြားမှ ရှန်းကန်ရှင်သန် ရပ်တည်နေသည်က လက်တွေ့ဆန်လွန်းလှပါသည်။ မျက်မှောက်ကာလတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိသည့် အမိနိုင်ငံတော်တွင်လည်း သမဝါယမလုပ်ငန်းများ ရှင်သန်ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်း ၁၂၀ တိုင်ခဲ့ပြီဖြစ်ပေသည်။ ခေတ်အဆက်ဆက်အစိုးရများ၏ စီးပွားရေးစီမံကိန်းအကောင်အထည်ဖော်မှုများတွင် ကျရာအခန်းကဏ္ဍမှ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ယနေ့ခေတ်သမဝါယမလောကသားများအနေဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် အခန်းကဏ္ဍတစ်ခုအဖြစ် ဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

ကမ္ဘာ့နိုင်ငံများတွင် သမဝါယမလုပ်ငန်းများ အောင်မြင်လျက်ရှိပြီး သက်ဆိုင်ရာနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုများတွင် သမဝါယမများက ပံ့ပိုးကူညီမှုများပြုနေသည်က ငြင်း၍မရနိုင်ပါ။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံအရ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများက သမဝါယမစနစ် အောင်မြင်မှုရရှိစေရေး တွန်းအားတစ်ရပ် အဖြစ်ရှိနေပါသည်။ ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးချိန်ခွင်လျှာကို ထိန်းညှိရန် သမဝါယမများအား သက်ဆိုင်ရာအစိုးရများက ပံ့ပိုးမှုများ ရှိနေသကဲ့သို့ မြန်မာနိုင်ငံရှိ ဖွဲ့စည်းပြီးသမဝါယမအသင်းများအား နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာပြီး ဆင်းရဲချမ်းသာကွာဟမှုကို လျော့ကျစေနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ၁၉-၈-၂၀၂၄ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ (၁၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ကိုးကား-**

**၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေ**

**http://ica.coop/en**

## ၂၀၂၄ - ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာ နှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ ၂၀၂၄ - ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)မှထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်**သို့ ပထမဦးစားပေးလျှောက်ထားသူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသော တက္ကသိုလ်(၂၃)ခုသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ**သို့ ပထမဦးစားပေးလျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာ လက်ခံမည့်နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
(င) ဆေးတက္ကသိုလ်၊ မကွေး
(စ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်း**နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၆)ရက်မှ စက်တင်ဘာလ(၁၂)ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၁၆-၈-၂၀၂၄)

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာချက်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို ဩဂုတ်လ(၂၆)ရက် (တနင်္လာနေ့) မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ်လ (၂၆) ရက်မှ စက်တင်ဘာလ (၁၂) ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) ဘားအံတက္ကသိုလ်
(၃) ဟားခါးတက္ကသိုလ်
(၄) မုံရွာတက္ကသိုလ်
(၅) ရွှေဘိုတက္ကသိုလ်
(၆) စစ်ကိုင်းတက္ကသိုလ်
(၇) ထားဝယ်တက္ကသိုလ်
(၈) တောင်ငူတက္ကသိုလ်
(၉) ပြည်တက္ကသိုလ်
(၁၀) ပဲခူးတက္ကသိုလ်
(၁၁) မကွေးတက္ကသိုလ်
(၁၂) ပခုက္ကူတက္ကသိုလ်
(၁၃) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၄) မိတ္ထီလာတက္ကသိုလ်
(၁၅) ကျောက်ဆည်တက္ကသိုလ်
(၁၆) မော်လမြိုင်တက္ကသိုလ်
(၁၇) စစ်တွေတက္ကသိုလ်
(၁၈) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၁၉) တောင်ကြီးတက္ကသိုလ်
(၂၀) ကျိုင်းတုံတက္ကသိုလ်
(၂၁) ပုသိမ်တက္ကသိုလ်
(၂၂) ဟသ်ာတတက္ကသိုလ်
(၂၃) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Antique Floor Tile ၂၇၈၄ စတုရန်းမီတာ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၀၀၈၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဆေးဝါး Aci Clovior Tablets ကူးစက်ရောဂါ ကာကွယ်ဆေး ၁၀ လုံးပါကတ် ၁၂၀၊ အိန္ဒိယနိုင်ငံထုတ် ဆေးဝါး Erlotinib ကင်ဆာရောဂါကာကွယ် ဆေးမျိုး ၂၀ အပါအဝင် ဆေးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၅၀၅၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၅၁၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၄ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Two Golden Cranes ခရုဆီ ၃၆ ပုလင်း၊ Assorted Car Side Mirror ၆၃၀ ကီလိုဂရမ်၊ Knorr တံဆိပ် ကြက်သားမှုန့်ဘူး ၅၀၊ တရုတ်နိုင်ငံထုတ် Delton Welding Machine ၁၀ လုံး အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ လမ်းဆုံအနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီ တစ်လီတာပါဘူး ၄၈၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၁၄၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၅၂ တန်၊ အခြားသစ် ၅ ဒသမ ၇၂၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၄၄၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဟသ်ာတခရိုင်အတွင်း၌လိုင်စင်မဲ့ Honda Fit Shuttle မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၉၀၄၄၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Galvanized Iron Pipe ၂၂၁၀၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၉၃၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၉၆၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကြက်သွန်ဖြူ ၁၀ ကီလိုဂရမ်ပါ အိတ် ၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၅၉၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၁၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၄၆၀) နှင့် မီးသွေး ၁၂ ဒသမ ၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၆၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၇၅၄၄၀၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ အငယ်ဆုံးသမီး ပေထုံတန် ထိုင်းဝန်ကြီးချုပ်သစ်ဖြစ်လာ



ထိုင်းနိုင်ငံ၏ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ပေထုံတန်။

**ဘန်ကောက် ဩဂုတ် ၁၆**

ထိုင်းနိုင်ငံ၏ ဖျူထိုင်းပါတီ ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့၏ ထောက်ခံမှုကို ရရှိထားသည့် ကိုယ်စားလှယ်လောင်း ပေထုံတန် ရှင်နာဝပ်ထရာသည် ပါလီမန်၌ မဲခွဲဆုံးဖြတ်ရာတွင် မဲအများစု အနိုင်ရပြီးနောက် ဩဂုတ် ၁၆ ရက်တွင် ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။

ပေထုံတန်သည် ဝန်ကြီးချုပ် ဆရတ်ထာထာဗီဆင်ကို ကျင့်ဝတ်ဖောက်ဖျက်မှုကိစ္စဖြင့် တရားရုံးဆုံးဖြတ်ချက်အရ ယခုသီတင်းပတ်အစောပိုင်းက ထုတ်ပယ်ခဲ့ပြီးနောက် ပါလီမန်ရွေးကောက်ပွဲကာလအတွင်း ဝန်ကြီးချုပ်သစ်ခန့်အပ်ရန် အမည်စာရင်းတင်သွင်းထားသည့် တစ်ဦးတည်းသော ကိုယ်စားလှယ်လောင်းဖြစ်သည်။

နှစ်နာရီနီးပါး ကြာမြင့်သည့် မဲပေးမှုအပြီးတွင် ပေထုံတန်သည် လက်ရှိလွှတ်တော်အမတ် ၄၉၃ ဦးအနက် ထောက်ခံမဲ ၃၁၉ မဲရရှိသဖြင့် ဝန်ကြီးချုပ်သစ်ရာထူးအတွက် လိုအပ်သည့် အများစုထောက်ခံမှုကို ရရှိကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဝမ်မူဟာမက်နော် မာသာက ကြေညာခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ အငယ်ဆုံးသမီးဖြစ်သည့် အသက် ၃၇ နှစ်အရွယ် ဖျူထိုင်းပါတီခေါင်းဆောင် ပေထုံတန်သည် ထိုင်းဘုရင် မဟာဗာဂျီရာ လောင်ကွန်း၏ တရားဝင်ခန့်အပ်မှုကို စောင့်ဆိုင်းရမည်ဖြစ်ပြီး ၎င်းသည် ထိုင်းနိုင်ငံ၏ ဒုတိယမြောက် အမျိုးသမီးဝန်ကြီးချုပ်နှင့် အသက်အငယ်ဆုံးဝန်ကြီးချုပ်တစ်ဦးဖြစ်လာသည်။

**ဆင်ဟွာ**

## ပါလက်စတိုင်း၌ ပိုမိုဆိုးရွားလာသည့် အစားအသောက်အခြေအနေကို သက်သာရန် ဂျပန်က အကူအညီပေးမည်

**တိုကျို ဩဂုတ် ၁၆**

ပါလက်စတိုင်း၌ ပိုမိုဆိုးရွားလာသည့် အစားအသောက်အခြေအနေများကို သက်သာစေရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုမှတစ်ဆင့် ငွေကြေးထောက်ပံ့မှုအကူအညီ ပေးအပ်သွားရန် ဂျပန်နိုင်ငံက ဆုံးဖြတ်ထားကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈ သန်းခန့် တန်ဖိုးရှိ ငွေကြေးအကူအညီများကို ပေးအပ်သွားမည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ ပါလက်စတိုင်းအာဏာပိုင်များ၏ အကူအညီတောင်းခံမှုကြောင့် ယခုလို ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသရှိ လူဦးရေအားလုံးနီးပါးမှာ အစားအသောက်ပြဿနာနှင့် ရင်ဆိုင်နေရကြောင်း လွန်ခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခစတင်သည့်အချိန်မှစ၍ အစားအသောက်အခက်အခဲနှင့် ကြုံတွေ့နေရခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါအကူအညီသည် လူထုလုံခြုံရေးကိုအခြေခံ၍ ပြည်သူ့သက်သာချောင်ချိရေး တိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အထောက်အကူဖြစ်စေရန် ဝန်ကြီးက ထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါအယူအဆသည် ပါလက်စတိုင်းအပေါ် ဂျပန်၏အခြေခံအကူအညီပေးမှု မူဝါဒ၏မဏ္ဍိုင်များထဲမှ တစ်ခုဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တူရကီယဲနိုင်ငံ၌ ငလျင်အန္တရာယ်ရှိ အဆောက်အအုံ ခြောက်သန်းနီးပါးရှိ

**အန်ကာရာ ဩဂုတ် ၁၆**

တူရကီယဲနိုင်ငံရှိ အဆောက်အအုံ ခြောက်သန်းနီးပါးသည် ငလျင်ဒဏ်ခံရနိုင်ခြေရှိပြီး ၎င်းတို့အနက် နှစ်သန်းသည် ချက်ချင်းပြုပြင်မွမ်းမံရန် လိုအပ်ကြောင်း တူရကီယဲပတ်ဝန်းကျင်၊ မြို့ပြနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီး မူရတ် ခူရမ်က ဩဂုတ် ၁၆ ရက်တွင် ပြောကြားသည်။

ခူရမ်၏ အဆိုအရ တူရကီယဲအစိုးရသည် ခေတ်မီ မြေငလျင်ဒဏ်ခံနိုင်သော နေအိမ်သစ် ၃ ဒသမ ၄ သန်းကို ဆောက်လုပ်ခဲ့ပြီး လက်ရှိတွင် အိမ်ခြေ ၂၅၀၀၀၀ နှင့် အများပြည်သူပိုင် အဆောက်အအုံများကို အကြံ့ခိုင်ဆုံးနှင့် ဘေးကင်းမှုရှိအောင် ပြုပြင်တည်ဆောက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် ညသန်းခေါင်ယံက ဆီးရီးယားနိုင်ငံနှင့် တူရကီယဲနိုင်ငံတောင်ပိုင်းတွင် ပြင်အား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့ပြီးနောက်တစ်ရက် မွန်းလွဲပိုင်းတွင် ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခဲ့ပြီးနောက် တူရကီယဲနိုင်ငံရှိ ပြည်နယ် ၁၁ ခုတွင် လူပေါင်း ၅၃၀၀၀ ကျော် သေဆုံးပြီး သန်းနှင့်ချီ၍ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။



၁၉၉၉ ခုနှစ်ကလည်း ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခဲ့ပြီး နိုင်ငံ့အကြီးဆုံးမြို့ အစ္စတန်ဘူလ်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၉၀ အကွာ ကိုဆေလီပြည်နယ်တွင် လှုပ်ခဲ့ပြီးနောက် လူပေါင်း ၁၇၀၀၀ ကျော် သေဆုံးခဲ့သည်။

ထိုအချိန်မှစ၍ အစ္စတန်ဘူလ် အနီးတစ်ဝိုက်တွင် ငလျင်ကြီး လှုပ်မည်ဟု ကျွမ်းကျင်သူများက သတိပေးထားသည်။

အစ္စတန်ဘူလ်၏ ခရိုင် ၃၉ ခုတွင် ငလျင်အန္တရာယ်စူးစမ်းလေ့လာမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ယင်းမြို့မှ အိမ်ခြေစုစုပေါင်း၏ ငါးပုံတစ်ပုံ၊ ခန့်မှန်းခြေ အိမ်ခြေ ၁ ဒသမ ၅ သန်းသည် ဘေးကင်းလုံခြုံမှုမရှိသည့် အခြေအနေတွင်ရှိနေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် အန္တရာယ်ရှိသော အဆောက်အအုံ ၁ ဒသမ ၅ သန်းကို ပြုပြင်ခဲ့ပြီး ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံများအပါအဝင် အများပြည်သူဆိုင်ရာ အဆောက်အအုံများ၏ ငလျင်ဒဏ်ခံနိုင်ရည်ကို မြှင့်တင်ပေးခဲ့ကြောင်း ဝန်ကြီး ခူရမ်က ပြောကြားသည်။

**ဆင်ဟွာ**

## အစ္စရေး လေကြောင်းတိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာအဖွဲ့ဝင်တစ်ဦး သေဆုံး

**ဘေရွတ် ဩဂုတ် ၁၆**

လက်ဘနွန်တောင်ပိုင်းနယ်စပ် အီတာရောင်ကျေးရွာရှိ နေအိမ်ကို အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ဟစ်ဇ်ဘိုလာအဖွဲ့ဝင်တစ်ဦး သေဆုံးကာ အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ထိခိုက်သူများကို ဘင့်ဂျဗေးလ်မြို့ရှိ အစိုးရဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း လက်ဘနွန်စစ်ဘက်သတင်းရင်းမြစ်များအရ သိရသည်။

အစ္စရေးတပ်မတော်က လက်ဘနွန်တောင်ပိုင်း နယ်စပ်ဒေသရှိ ကျေးရွာလေးရွာနှင့် မြို့များကို လေကြောင်း တိုက်ခိုက်မှု ကိုးကြိမ်နှင့် မြို့ပေါင်း ၁၁ မြို့ကို အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း စစ်ဘက်သတင်းရင်းမြစ်များက ပြောသည်။

ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေးဘက်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှစ၍ လက်ဘနွန် - အစ္စရေးနယ်စပ်တစ်လျှောက် တင်းမာမှုများ မြင့်တက်ခဲ့သည်။

**ဆင်ဟွာ**

## ပါကစ္စတန်၌ မျောက်ကျောက်ရောဂါ ဖြစ်ပွားသူ သုံးဦး တွေ့ရှိ

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၆**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်ထွန်ခဝါ ပြည်နယ်၌ နှစ်ရက်အတွင်း မျောက်ကျောက်ရောဂါဖြစ်ပွားသူ သုံးဦးထက်မနည်း တွေ့ရှိခဲ့သည်ဟု ဩဂုတ် ၁၆ ရက်တွင် ကျန်းမာရေးအရာရှိတစ်ဦးက ပြောသည်။

ဩဂုတ် ၁၅ ရက်က တွေ့ရှိခဲ့ရသည့်မျောက်ကျောက်ရောဂါခံစားနေရသူမှာ အသက် ၃၄ နှစ်အရွယ်အမျိုးသားတစ်ဦးဖြစ်ပြီး ကျန်နှစ်ဦးကိုမူ ဩဂုတ် ၁၆ ရက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်ပြည်သူ့ကျန်းမာရေးညွှန်ကြားရေးမှူးက ပြောသည်။ အရှေ့အလယ်ပိုင်းဒေသမှ အလုပ်လုပ်၍ ပြန်လာသူများတွင် မျောက်ကျောက်ရောဂါကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။ စတုတ္ထမြောက် ရောဂါကူးစက်ခံထားရသူဟု သံသယရှိသူ၏နမူနာများကို ဓာတ်ခွဲခန်းသို့ ပေးပို့ထားသည်။ လက်ရှိ ရောဂါကူးစက်ခံထားရသူ သုံးဦးကို သီးသန့်ခွဲထားပြီး ကျန်ဆေးရုံများတွင်လည်း သတိပေးမှုများ ထုတ်ပြန်ထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မျောက်ကျောက်ရောဂါကို တစ်ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာပြီးနောက် ပါကစ္စတန်အမျိုးသားကျန်းမာရေးအင်စတီကျူးက မျောက်ကျောက်ရောဂါကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုများ သေချာစေရန် ဩဂုတ် ၁၅ ရက်က အကြံပေးချက်ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**



# စာရင်းရေး၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုပညာရပ်များ တတ်မြောက်ခြင်းဖြင့် ပြည်တွင်း ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တိုးတက်အောင်မြင်လျက်ရှိ



**မကွေး ဩဂုတ် ၁၆**

သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံစာရင်းရေး၊ စာရင်းကိုင်နှင့် ကွန်ပျူတာ (အချိန်ပိုင်း)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက်က အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အလုပ်အကိုင်အခွင့်အလမ်းရရှိ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်သူများ မွေးထုတ်ပေးရန်၊ အခြေခံစာရင်းရေး စာရင်းကိုင်နှင့် ကွန်ပျူတာဘာသာရပ်များကို သင်ကြားပို့ချခြင်းဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်၊ ရုံးဌာနအသီးသီးမှ ဝန်ထမ်းများ ရုံးလုပ်ငန်းများအတွက် အထောက်အကူပြုစေရန်နှင့် ဒေသအတွင်းရှိ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ စာရင်းရေး၊ စာရင်းကိုင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုပညာရပ်များ တတ်မြောက်ခြင်းဖြင့် ပြည်တွင်း ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး တိုးတက်အောင်မြင်လျက်ရှိသည်ကိုလည်း တွေ့မြင်ရကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကပို့ချပေးမည့် ပညာရပ်များကို အလေးထားသင်ယူပြီး သင်တန်းချိန်မှန်မှန်တက်ရောက်၍ ဆရာ ဆရာမများ၏ သင်ကြားပေးမှုများကို ဂရုတစိုက် လေ့လာမှတ်သားကြစေလိုကြောင်းနှင့် သင်တန်းကို ပြီးဆုံးသည်အထိ တက်ရောက်ကြစေလိုကြောင်း ပြောကြားသည်။

**သင်ကြားပို့ချပေးမည်**

ထို့နောက် သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)မှ ကျောင်းအုပ်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၁ ဦးအား အခြေခံစာရင်းရေးသွင်းခြင်းပညာ၊ လယ်ဂျာစာရင်းနှင့် နှစ်ဖက်သွင်းစာရင်းရေးသွင်းနည်းစနစ်၊ မတည်အသုံးစရိတ်နှင့် သာမန်အသုံးစရိတ် ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲခြင်း၊ စာရင်းအမှားပြင်နည်းစနစ်များ၊ ဘဏ်ကိုက်ညှိရှင်းတမ်း စသည်တို့ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိလည်းကောင်း၊ ကွန်ပျူတာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၄ ဦးအား ကွန်ပျူတာပညာမိတ်ဆက်၊ စာစီစာရိုက်၊ ဖော်မြူလာများဖြင့် စာရင်းဇယားရေးဆွဲခြင်း၊ ရုပ်ပုံကားချပ်များဖြင့် တင်ပြခြင်း၊ ကွန်ပျူတာကွန်ရက်နှင့် အီးမေးလ်ဖြင့် သတင်းအချက်အလက်ပေးပို့ခြင်း စသည်တို့ကို အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် လည်းကောင်း သင်တန်းနည်းပြများက ဩဂုတ် ၁၅ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ နှစ်လကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

## လှည်းကူးမြို့နယ်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကျင်းပ



**လှည်းကူး ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အမှာစကားပြောကြားပြီး လှည်းကူးခရိုင်ဆရာဝန်ကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသောင်းဒန်ဦး၊ ကျန်းမာရေးမှူးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက ကိုယ်ဝန်ဆောင် မိခင်များအတွက် အာဟာရအုပ်စုများနှင့်ပတ်သက်၍ လက်တွေ့သရုပ်ပြပြီး အသိပညာပေးဟောပြောသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအတွက် အာဟာရပြည့်ဝမျှတသည့် အစားအစာများကို တစ်ဦးချင်းပေးအပ်ပြီး အသက်ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း၊ သန်ချဆေးပေးဝေခြင်းနှင့် လက်ဆောင်ပစ္စည်းများပေးဝေခဲ့ကြောင်း သိရသည်။

**အေးအေးနွဲ့(ပြန်/ဆက်)**

## ပန်းတောင်းမြို့ လူထုအခြေပြုခန်းမ၌ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်



**ပန်းတောင်း ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင် ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ၊ စာပေမှရရှိသောအသိ၊ ပညာမှ ရရှိသောအသိကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ရဲဝံ့စွာရှေ့သို့ထွက်၍ ပြောဆိုတတ်စေရန်နှင့် နံရံကပ်စာစောင်များ ပြသဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် စာအုပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုသည်။ **လပြည့်လင်း(ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့ရှိ ကော်ဖီစိုက်တောင်သူများအား ကော်ဖီပျိုးပင်များ ပေးအပ်

**ကြို့ပင်ကောက် ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ မြို့လယ်ချောင်း တောင်သူပညာပေးစခန်း၌ ကော်ဖီစိုက်တောင်သူများအား ကော်ဖီပျိုးပင်များ ဖြန့်ဖြူးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

မြေပြန့်ကော်ဖီ ရိုဘက်စတာမျိုး ပျိုးပင် ၆၀၀ ကို တစ်ဧကလျှင် ပျိုးပင် ၁၅၀ နှုန်း သီးညှပ်စိုက်ပျိုးရန် တောင်သူလေးဦးအား အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း၊ ဒေသတွင်း စိုက်ပျိုးသီးနှံမျိုးအသစ် စတင်စိုက်ပျိုးခြင်းဖြစ်ပြီး မြို့နယ်အတွင်း ကော်ဖီစိုက်တောင်သူများ တိုးပွားလာပြီး ကော်ဖီစိုက်ဧက ၂၆ ဧကကို လျာထားချက်အတိုင်း အောင်မြင်အောင် ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကော်ဖီပျိုးပင် ပေးအပ်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းဌေးနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ကော်ဖီပင်စိုက်ပျိုးနည်းများကို လေ့လာခဲ့ကြကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**



## နတ်မောက်မြို့နယ်၌ ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာကျွေးခြင်း တောင်သူအသိပညာပေး ကွင်းသရုပ်ပြ



**နတ်မောက် ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်၍ သစ်စိမ်း မြေဩဇာကျွေးခြင်း တောင်သူအသိပညာပေး ကွင်းသရုပ်ပြပွဲကို ယမန်နေ့က နတ်မောက်မြို့ တမာပင်ရပ်ကွက် တောင်သူ ဦးအောင်အောင်၏ စပါးစိုက်ကွင်း၌ ပြုလုပ်သည်။

နတ်မောက်မြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စပါးမစိုက်ပျိုးမီလယ်မြေနှင့် ဝါမစိုက်ပျိုးမီ ယာမြေများတွင် ပိုက်ဆံလျှော်ပင် စိုက်ပျိုး၍ ထယ်မှောက်ကာ သစ်စိမ်းမြေဩဇာ ကျွေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**လှဝင်း**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၆

**နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်မာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။** (ယာပုံ)



ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံ (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ လှည်းကူးမြို့နယ်ရှိတပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော် ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## “ချစ်စရာ့အရွယ် ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၆**

“ချစ်စရာ့အရွယ် ကစားကြမယ်” ကလေးအစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၇ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ဒက္ခိဏသီရိ မူလတန်းကြိုကျောင်းနှင့် ပျဉ်းမနား မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းစီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဩဂုတ် ၁၉ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ ဖောင်တော်ဦးမြတ်စွာဘုရားဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ မှ အဖွဲ့ဝင်(၂)ဦးဇော်လင်းဦးက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားသည်။ ဆက်လက်၍ အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်ကတ်မရှိသူများအတွက်ကိုလည်း လုပ်ဆောင်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးကာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။ **သတင်းစဉ်**



---

## မင်းလှမြို့၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်

**မင်းလှ ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကာ အမှတ်(၂)ရပ်ကွက် အခြေခံပညာ အထက်တန်း (မြို့တွင်း) ကျောင်း၌ ယနေ့နံနက် ၁၀ နာရီက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပရာ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်ခင်သန္တာမိုးက အမှာစကားပြောကြား၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်ရခြင်းနှင့် ကျန်းမာရေးဗဟုသုတဆိုင်ရာများကို အသိပညာပေးဟောပြောသည်။



ထို့နောက် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်း၊ ကျောင်းကျန်းမာရေးဆရာမ ဒေါ်စန်းစန်းဝင်းနှင့် အဖွဲ့တို့က မူလတန်းအဆင့် ကျောင်းသား ကျောင်းသူလေးများကို စနစ်မှန်သွားတိုက်နည်းပြသပေးခြင်းနှင့် သွားတိုက်တံများ ဝေငှပေးခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်း၊ အရပ်တိုင်းခြင်း၊ ကျန်းမားရေး စစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးနံရံကပ်စာစောင်များ ပြသခြင်းတို့ပြုလုပ်ပေးပြီး ကျောင်းမုန့်စားတန်းဈေးဆိုင်များကို ကျန်းမာရေးနှင့် ညီညွတ်စေသော အစားအသောက်များ ရောင်းချနိုင်ရန် စစ်ဆေးခြင်းတို့ ဆောင်ရွက်ပေးကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

---

## ချောက်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ဒုတိယရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်

**ချောက် ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေး လုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေး ဒုတိယရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မူလတန်းကျောင်းသား ကျောင်းသူများအား အစာအုပ်စုများ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့် အာဟာရ ကျန်းမာရေးဆိုင်ရာ မေးခွန်း(၁၀၀) ဖြေဆိုပြိုင်ပွဲကို ယမန်နေ့က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါပြိုင်ပွဲများတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ၄၃ ဦး၊ အလယ်တန်းအဆင့် ၁၇ ဦး၊ အထက်တန်းအဆင့် ၁၈ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၈ ဦး ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်သည်။



အခမ်းအနားသို့ ချောက်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယခရိုင် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသက်ဦးနှင့် ခရိုင်ပညာရေးမှူးဦးမန်းအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်လေးဖြူနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများတက်ရောက်ပြီး လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

# ဘာသာတရား အလေးထား

လင်းလက်နေခြည်

### ဘာသာတရားဆိုသည်မှာ

ဘာသာတရားဆိုသည်မှာ "ယုံကြည်ကိုးကွယ်သည့် အယူဝါဒ"ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ကမ္ဘာဦးအစကပင် ရောဂါအမျိုးမျိုး၊ ဒုက္ခအမျိုးမျိုး၊ ကပ်ဘေးအန္တရာယ်အမျိုးမျိုးတို့ကို လူသားတို့ ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်တွင် ကြောက်ရွံ့ခြင်းများဖြစ်လာပြီး ထိုအန္တရာယ်အမျိုးမျိုးမှ ကင်းလွတ်စေရေးအတွက် ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် လူပုဂ္ဂိုလ်သို့မဟုတ် အရာဝတ္ထုများကို ရှာဖွေခဲ့ကြသည်။ အတွေးအခေါ်ဖွံ့ဖြိုးမှု အားမကောင်းသေးသည့်ကာလ လူသားတို့သည် သစ်ပင်၊ မြစ်ချောင်း၊ တောတောင်၊ ပင်လယ်၊ ကျောက်တုံး စသည့်အရာများကို ကိုးကွယ်ရာအဖြစ် သတ်မှတ်ခဲ့ကြသည်။

မိမိတို့ဘဝလုံခြုံမှုအတွက် ဦးတည်ကိုးကွယ်ကြခြင်းဖြစ်ရာ မြစ်များ၊ ချောင်းများကို ကိုးကွယ်စရာ နတ်ဘုရားများအဖြစ် သတ်မှတ်ခဲ့ကြသည်။ မြစ်ချောင်းများသည် လူသားများအတွက် စားသောက်စရာ ရေသတ္တဝါများကို ပေးခြင်းနှင့် သီးနှံစိုက်ပျိုးရေးအတွက် လိုအပ်သည့် ရေကိုပေးနိုင်သဖြင့် လူသားတို့အတွက် အားကိုးအားထားပြုစရာဖြစ်နေသည်။ ရာသီဥတုဖောက်ပြန်သည့်အခါ မြစ်များက ရေကြီးခြင်းကိုဖြစ်စေပြီး လူတို့၏အသက်အိုးအိမ်စည်းစိမ်များကို ပျက်စီးစေပြန်သဖြင့် လူသားတို့အတွက် ကြောက်မက်ဖွယ်ရာ နတ်ဆိုးတစ်ပါး ဖြစ်ခဲ့ပြန်သည်။

လူသားတို့ နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရသည့်အရာများအနက် ရင်ဆိုင်ဖြေရှင်းရန်ခက်ခဲပြီး လူသားတို့အတွက် ကောင်းကျိုးဆိုးကျိုးများကို ပေးအပ်နိုင်စွမ်းရှိသောအရာများသည် လူသားတို့ကိုးကွယ်ရာနတ်ဘုရားများ ဖြစ်လာခဲ့သည်။ "မြေ၊ ရေ၊ လေ၊ မီး" စသည့် အရာများသည် လူသားတို့အတွက် "စား၊ ဝတ်၊ နေရေး" အခြေခံလိုအပ်ချက်များကို ပေးအပ်နိုင်စွမ်းရှိပြီး တစ်ဖက်တွင်လည်း လူသားတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို ပျက်စီးစေနိုင်စွမ်းရှိနေပြန်သဖြင့် ထိုအရာများသည် လူသားတို့အတွက် ကိုးကွယ်စရာဖြစ်လာပြန်သည်။ နေ့စဉ်တွေ့ကြုံနေရသည့်အရာများကို လူသားတို့၏ ခွန်အားဖြင့် ရင်ဆိုင်သွားနိုင်သည့်အခါတွင် လူသားတို့၏စိတ်နှင့်ဘဝဖြစ်စဉ်များအပေါ် လွှမ်းမိုးနေသည့် မမြင်ရနိုင်သည့် လွှမ်းမိုးမှုများရှိနေခြင်းသည် နတ်ဘုရားတို့ သီးသန့်ရှိနေခြင်းပင် ဖြစ်သည်ဟု မှတ်ထင်လာကြပြန်သည်။ ထိုမမြင်ရနိုင်သည့် လွှမ်းမိုးမှုများကို မျှော်မှန်းကာ နတ်ကိုးကွယ်ခြင်းအလေ့အထများ ဖြစ်ပေါ်လာပြန်သည်။

လူနေမှုဖြစ်စဉ်များ ပြောင်းလဲလာသည်နှင့်အမျှ လူသားတို့၏ တွေးခေါ်မြော်မြင်မှုများကလည်း ပြောင်းလဲလာပြီး မိမိတို့၏ဘဝအတွက် လက်တွေ့ကျသော အမှန်တကယ်လမ်းပြပေးနိုင်သည့် အရာများကို ရှာဖွေကြရင်းဖြင့် ကိုးကွယ်ရာဘာသာတရားများ ပေါ်ထွန်းလာခဲ့သည်။

### ဘာသာတရားအမျိုးမျိုး

ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်အနေအထားတို့က လူတို့၏ နေ့စဉ်ဘဝဖြစ်စဉ်များကို တစ်နေရာနှင့်တစ်နေရာ ကွဲပြားစေပြီး ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကလည်း မတူညီကြပေ။ မတူကွဲပြားသည့် ဘဝဖြစ်စဉ်များနှင့် ရပ်တည်မှုများအပေါ်အခြေတည်၍ ဖြစ်ပေါ်လာသည့် ဘာသာတရားများကလည်း ကမ္ဘာပေါ်တွင် များစွာတည်ရှိနေပြီ ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကိုးကွယ်ယုံကြည်မှု ဘာသာတရားပေါင်း ၁၀၀၀၀ ကျော်ခန့်ရှိသည်ဟု ဝါရှင်တန်ဒီစီအခြေစိုက် Population Education ၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်တွင် တွေ့ရသည်။ အဓိကအားဖြင့် ဘာသာကြီးလေးမျိုးဖြစ်သည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာတို့ကို ကိုးကွယ်ယုံကြည်သူအများဆုံးဖြစ်သည်။ Population Education ၏ ဖော်ပြချက်အရ ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းခန့်သည် ကိုးကွယ်ရာ ဘာသာတရားမရှိ ဘာသာမဲ့များဖြစ်နေသည်ကို တွေ့ရသည်။

> **"ဗုဒ္ဓဘာသာကိုးကွယ်သူအများဆုံးနေထိုင်ရာ မြန်မာနိုင်ငံတွင် ရွှေရောင်လွှမ်းသော စေတီပုထိုးများ၊ ဘုရားကျောင်းကန်များ၊ သာသနိကအဆောက်အအုံများဖြင့် လှပသာယာနေသည်။ အခြားသောဘာသာများဖြစ်သည့် ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာမ် စသည့် ဘာသာကိုးကွယ်သူများကလည်း ဗုဒ္ဓဘာသာကိုးကွယ်သူများနှင့် ညီအစ်ကိုအရင်းပမာ စည်းလုံးညီညွတ်စွာဖြင့် နေထိုင်နေကြသည်မှာ မြန်မာနိုင်ငံ၏ အလှတရားပင်ဖြစ်"**

ဘာသာတရားများသည် လူသားများအတွက် လူသားဆန်စွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် အရာများကို လမ်းပြပေးသဖြင့် အကျိုးကျေးဇူးများစွာရှိသည်။ လူသားတို့၏သဘာဝသည် လောကဓံတရားများဖြင့် ရင်ဆိုင်ရသည့်အခါတွင် စိတ်ဓာတ်ကျခြင်း၊ ဝမ်းနည်းခြင်း၊ အထီးကျန်ခြင်း၊ စိတ်ပျက်အားလျော့ခြင်း စသည့်ခံစားမှုများကို ခံစားရတတ်သည်။ လောကသဘာဝအရ ကြုံတွေ့ရသည့် အခက်အခဲ၊ အကျပ်အတည်းနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် တွန်းအားဖြစ်စေသည့်အရာများအနက် ဘာသာတရား၏ အဆုံးအမများသည် တစ်ခုအပါအဝင်ဖြစ်သည်။ ဘာသာတရား၏ မှန်ကန်သောအဆုံးအမများကြောင့် ဘဝတက်လမ်းကို လျှောက်လှမ်းနိုင်သကဲ့သို့ လူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်စေပြီး ကမ္ဘာလောကကြီးတစ်ခုလုံးကို ငြိမ်းချမ်းစေနိုင်သည်။

### လူသားများအတွက် အကျိုးရှိသည်

ဘာသာတရားများက လမ်းညွှန်ပြသမှုများသည် လူသားများ၏ဘဝကို မှန်ကန်မျှတစွာဖြင့် တရားသောနည်းလမ်းများဖြင့် ဖြတ်သန်းနိုင်စေရေးလမ်းပြပေးသည်။ ဘာသာတရားများ၏ အဆုံးအမများကို လေ့လာကြည့်မည်ဆိုပါကလည်း "သူတစ်ပါးအသက်ကို မသတ်ခြင်း၊ သူတစ်ပါးပစ္စည်းဥစ္စာကို မခိုးယူခြင်း၊ မကောင်းမှုဒုစရိုက်များကို မကျူးလွန်ခြင်း" စသည့် အဆုံးအမများက ထပ်တူကျနေသည်ကို တွေ့ရသည်။

ဘာသာတရားများသည် လူသားများအတွက် ဘဝအခက်အခဲနှင့်စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် ခွန်အားတစ်ခုအနေဖြင့် ဖြစ်စေခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်အားငယ်ခြင်း၊ စိုးရိမ်ကြောက်ရွံ့ခြင်း၊ အထီးကျန်ဆန်ခြင်း စသည့် လူတို့၏ စိတ်ဓာတ်ခွန်အားကို ကျစေသည့်အရာများကို ကုစားနိုင်သည့် နည်းလမ်းများကို လမ်းပြပေးခြင်း၊ လူအချင်းချင်း ဆက်ဆံရာတွင် မေတ္တာတရားများဖြင့် ထားရှိရမည့် လူမှုကျင့်ဝတ်စံနှုန်းများကို လက်ကိုင်ထားနိုင်ခြင်း၊ လူသားအချင်းအချင်း စည်းလုံးညီညွတ်စွာဖြင့် အတူယှဉ်တွဲနေထိုင်နိုင်မည့် ငြိမ်းချမ်းရေးနည်းလမ်းများ၏ မြစ်ဖျားခံရာဖြစ်သဖြင့် ကမ္ဘာကြီး၏ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ခြင်း၊ ဘာသာရေးအဆောက်အအုံများကို ထိန်းသိမ်းထားခြင်းဖြင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းနိုင်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှု အနုသုခုမလက်ရာများကို ဘာသာရေးအဆောက်အအုံများမှ ပြန်လည်မြင်တွေ့ရနိုင်ခြင်း၊ ဘာသာရေးအဆောက်အအုံများနှင့် ဘာသာရေးကျောင်းများတွင် လူအချင်းအချင်း ဆုံတွေ့နိုင်သဖြင့် လူမှုဆက်ဆံရေးနယ်ပယ်တစ်ခု ဖြစ်လာနိုင်ခြင်း၊ ဘာသာရေးအဆုံးအမများသည် လူအချင်းချင်း ရိုင်းပင်းကူညီခြင်းဖြင့်သာ ရှေ့ဆက်ကြရန် လမ်းပြပေးသဖြင့် လူမှုပတ်ဝန်းကျင်လုံခြုံမှုကို ဖြစ်ပေါ်စေခြင်း၊ လူမှုပတ်ဝန်းကျင်တွင် ကိုယ်ကျင့်တရားဆိုင်ရာ စံတန်ဖိုးများကို ထိန်းသိမ်းတတ်သည့် အလေ့အထများ တိုးပွားလာစေခြင်း၊ ဘာသာရေးအဆုံးအမများမှ မျိုးဆက်သစ်လူငယ်များကို နိုင်ငံချစ်စိတ်၊ နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးလိုစိတ်များရှိစေရေး ပြုပြင်ပေးနိုင်ခြင်း၊ သတ္တဝါများအပေါ် ကြင်နာသနားတတ်သည့် ကိုယ်ချင်းစာစိတ်များ ကိန်းအောင်းလာအောင် လမ်းပြပေးနိုင်သဖြင့် သတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်သွားခြင်းအပါအဝင် သဘာဝဂေဟစနစ်နှင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများကို ထိန်းသိမ်းနိုင်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုတိုးတက်စေပြီး လူမှုပတ်ဝန်းကျင်ကို ကောင်းကျိုးပြုစေသည့် အလေ့အထများ လူမှုပတ်ဝန်းကျင်တွင် ပျံ့နှံ့လာစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။

### ရွှေရောင်လွှမ်းရာ တို့မြန်မာ

ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် ကိုးကွယ်ယုံကြည်မှု အများဆုံးဖြစ်သည့် ဘာသာကြီးလေးမျိုးတွင်ပါဝင်ပြီး မြတ်ဗုဒ္ဓ၏အဆုံးအမများသည် မကောင်းမှုပြုလုပ်ရန် ရှက်ခြင်းကြောက်ခြင်း ဆိုသည့် ဟီရိဩတ္တပ္ပတရားများ ကိန်းအောင်းစေရန် လေ့ကျင့်ပေးသည်။ ပဋိပက္ခများကို ရှောင်ရှားစေပြီး ငြိမ်းချမ်းသော လူမှုပတ်ဝန်းကျင်ကို ဖန်တီးပုံဖော်ရာတွင် အဓိကကျသည့် အဆုံးအမများကို ပေးအပ်နိုင်သည့် ဘာသာတရားပင်ဖြစ်သည်။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ဆိုသည့် အဆုံးအမသည် မည်သည့်ဘာသာတရားကိုးကွယ်သူမဆို လိုက်နာကျင့်ကြံပြီး ငြိမ်းချမ်းသောဘဝကိုရနိုင်သည့် အဆုံးအမပင်ဖြစ်သည်။

မြန်မာနိုင်ငံ၌ လူဦးရေ ၅၆ သန်းခန့်ရှိရာတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ ၉၀ ရာခိုင်နှုန်းခန့်၊ ခရစ်ယာန်ဘာသာကိုးကွယ်သူ ခြောက်သန်းနီးပါးခန့်၊ အစ္စလာမ်ဘာသာကိုးကွယ်သူ နှစ်သန်းကျော်ခန့်နှင့် ဟိန္ဒူဘာသာကိုးကွယ်သူ ငါးသိန်းကျော်ခန့်ရှိသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ အများဆုံးနေထိုင်ရာ မြန်မာနိုင်ငံတွင် ရွှေရောင်လွှမ်းသော စေတီပုထိုးများ၊ ဘုရားကျောင်းကန်များ၊ သာသနိကအဆောက်အအုံများဖြင့် လှပသာယာနေသည်။ အခြားသောဘာသာများဖြစ်သည့် ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာမ် စသည့် ဘာသာကိုးကွယ်သူများကလည်း ဗုဒ္ဓဘာသာကိုးကွယ်သူများနှင့် ညီအစ်ကိုအရင်းပမာ စည်းလုံးညီညွတ်စွာဖြင့် နေထိုင်နေကြသည်မှာ မြန်မာနိုင်ငံ၏ အလှတရားပင်ဖြစ်သည်။ ရွှေရောင်တောက်ပနေသည့် ဘုရားစေတီပုထိုးများနှင့် ငြိမ်းချမ်းသာယာလှပနေသည့် မြန်မာနိုင်ငံသည် ရွှေရောင်လွှမ်းသည့်နိုင်ငံ (The Golden Land) ဆိုသည့် အမည်နာမကို ရရှိထားသည်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၁ တွင် "နိုင်ငံတော်သည် ဗုဒ္ဓဘာသာ သာသနာတော်ကို နိုင်ငံတော်၏နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်"ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရပြီး ဘာသာသာသနာထွန်းကားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံသားများအပေါ် ဘာသာတရားနှင့်စပ်လျဉ်း၍ လွတ်လပ်စွာကိုးကွယ်ခွင့် ခွင့်ပြုထားသည်ကိုလည်း တွေ့ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၂ တွင်လည်း "နိုင်ငံတော်သည်ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်မှုတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်"ဟု ပြဋ္ဌာန်းထားသည်။ ဘာသာတရားများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၃ တွင် "နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်"ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

### စုစည်းညီညွတ်မှုစွမ်းအား

မြန်မာနိုင်ငံသည် ရေမြေသဘာဝ အလွန်လှပသည့် နေရာများစွာရှိပြီး ဘာသာသာသနာရောင်ဝါတို့ဖြင့် ထိန်းလင်းနေပြီး ဘာသာရေးအဆုံးအမများဖြင့် တိုင်းရင်းသားပေါင်းစုံကလည်း အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်ကြသည်မှာ ဘာသာတရားများ၏ စွမ်းအားပင်ဖြစ်သည်။ ဘာသာတရားအဆုံးအမများ ပျောက်ကွယ်သွားပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားအောင် ဘာသာရေးမှိုင်းတိုက်၍ သွေးခွဲနေကြသူများ၏ ရန်ကိုသတိထားရန် လိုအပ်သည်။ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ပုဂံဒေသ၊ ကမ္ဘာ့အထင်ရှားဆုံးသော ဗုဒ္ဓဘာသာ၏ အထိမ်းအမှတ်ဖြစ်သည့် ရွှေတိဂုံစေတီတော်၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ရှိရာနိုင်ငံဖြစ်သဖြင့် ငြိမ်းအေးသော ရပ်ဝန်းပင်ဖြစ်သည်။ ဗုဒ္ဓဘာသာအပါအဝင် ကျန်ဘာသာကြီးများ၏ အဆုံးအမများဖြင့် မြန်မာနိုင်ငံသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွ ငြိမ်းချမ်းစွာနေထိုင်ကြခြင်းဖြင့် ဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။ ။


**ရည်ညွှန်းကိုးကား**

- https://populationeducation.org/world-population-by-religion-a-global-tapestry-of-faith/
- နေ့စဉ်ထုတ်သတင်းစာများ၊

ယခုသီတင်းပတ်မှစတင်ပြီး ၂၀၂၄-၂၀၂၅ ရာသီ ပရီမီယာလိဂ်ဘောလုံးပွဲစဉ်တွေကို စတင်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အစ်ဆွစ်နဲ့ လီဗာပူး၊ အာဆင်နယ်နဲ့ ဝုဖ်၊ ချယ်ဆီးနဲ့ မန်စီးတီး၊ လက်စတာနဲ့ စပါးစတဲ့ အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

| ပရီမီယာလိဂ် ပွဲစဉ် (၁) | |
|---|---|
| ၁၇-၈-၂၀၂၄ | စနေနေ့ |
| အစ်ဆွစ် - လီဗာပူး | ည ၆း၀၀ |
| အာဆင်နယ် - ဝုဖ် | ည ၈း၃၀ |
| အဲဗာတန် - ဘရိုက်တန် | ည ၈း၃၀ |
| ကာဆယ် - ဆောက်သမ်တန် | ည၈း၃၀ |
| ဖောရက်စ် - ဘုန်းမောက် | ည ၈း၃၀ |
| ဝက်စ်ဟမ်း - ဗီလာ | ည ၁၀း၀၀ |
| ၁၈-၈-၂၀၂၄ | တနင်္ဂနွေနေ့ |
| ဘရန့်ဖို့ဒ် - ပဲလေ့စ် | ည ၇း၃၀ |
| ချယ်ဆီး - မန်စီးတီး | ည ၁၀း၀၀ |
| ၁၉-၈-၂၀၂၄ | တနင်္လာနေ့ |
| လက်စတာ - စပါး | နံနက် ၁း၃၀ |

# အဖွင့်ပွဲစဉ်မှာ မန်စီးတီးကို နိုင်ပွဲရရေး ခြေကုန်ထုတ်လာမယ့် ချယ်ဆီး



ချယ်ဆီးနှင့် မန်စီးတီးအသင်းတို့ ယမန်နှစ်ရာသီက အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

## အစ်ဆွစ် VS လီဗာပူး

အစ်ဆွစ်ရဲ့ ရာသီအကြိုခြေစမ်းပွဲ လေးပွဲမှာ သုံးပွဲအထိ နိုင်ပွဲရရှိထားတယ်ဆိုပေမယ့် သုံးပွဲစလုံး တစ်ဂိုး-ဂိုးမရှိ ရလဒ်တွေနဲ့သာ နိုင်ပွဲရရှိထားတာ ဖြစ်တယ်။ လီဗာပူးအသင်းက ရာသီအကြိုခြေစမ်းပွဲတွေမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိဘူး။ အာဆင်နယ်၊ မန်ယူ၊ ဆီဗီလာ စတဲ့ နာမည်ကြီးအသင်းတွေကို နိုင်ပွဲရယူထားနိုင်တဲ့ လီဗာပူးအသင်းရဲ့ ခြေစွမ်းက အစ်ဆွစ်အသင်းထက် ထက်မြက်မှုရှိတယ်။ အစ်ဆွစ်အသင်း ခြေစွမ်းကောင်းမွန်သည့်တိုင် လီဗာပူးအသင်းကို အနိုင်ရဖို့ မလွယ်ဘူး။

## အာဆင်နယ် VS ဝုဖ်

အာဆင်နယ်အသင်းရော ဝုဖ်အသင်းပါ အဖွင့်မျက်နှာပန်းလှဖို့ နိုင်ပွဲရရေး ဦးတည်လာမှာပါ။ နှစ်သင်းစလုံး ရာသီအကြို ခြေစမ်းပွဲတွေမှာ ထိုက်သင့်တဲ့ ခြေစွမ်းပြသကာ ရလဒ်ကောင်းတွေ ရရှိထားတယ်။ အာဆင်နယ်က လာမယ့်ပွဲစဉ်တွေမှာ အက်စတွန်ဗီလာ၊ ဘရိုက်တန်၊ စပါး၊ မန်စီးတီး စတဲ့ အသင်းတွေနဲ့ ဆက်တိုက်ကစားသွားရဖို့ ရှိတယ်။ ပြိုင်ဘက် ဝုဖ်ကလည်း ဒီပွဲစဉ်ပြီးရင် အသင်းကြီး ချယ်ဆီးနဲ့ ကစားရဖို့ ရှိတယ်။ မည်သို့ပင်ဆိုစေ အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရမယ်။

## ချယ်ဆီး VS မန်စီးတီး

ပြီးခဲ့တဲ့ရာသီမှာ ခြေစွမ်းပိုင်းအရရော ရလဒ်ပိုင်းအရပါ ဆိုးရွားခဲ့တဲ့ ချယ်ဆီးအသင်းအနေနဲ့ ဒီရာသီမှာ အလားတူဖြစ်ရပ်မျိုး မကြုံတွေ့ရရေးအတွက် နည်းပြအပြောင်းအလဲ၊ ကစားသမားအပြောင်းအလဲတွေနဲ့အတူ အဖွင့်ပွဲစဉ်ကတည်းက ရေကုန်ရေခန်းယှဉ်ပြိုင်လာမှာပါ။ မန်စီးတီးအသင်းကလည်း အဓိက ကစားသမားအချို့အသင်းက ထွက်ခွာသွားသည့်တိုင် ချယ်ဆီးအသင်းကို နိုင်ပွဲရဖို့ လုံလောက်တဲ့ ကစားသမားတွေရှိတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။

## လက်စတာ VS စပါး

ကစားပုံမာကျောတဲ့ အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ ဒါ့အပြင် နှစ်သင်းစလုံး အဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းရရှိဖို့ ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့်လည်း ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။ ရာသီအကြိုခြေစမ်းပွဲတွေမှာတော့ နှစ်သင်းစလုံး ရလဒ်ကောင်း ရယူထားနိုင်ခြင်း မရှိဘူး။ အဆုံးသတ်ပိုင်းကောင်းမွန်တဲ့ ဆွန်ဟောင်မင်၊ တီမိုဝါနာ၊ ဆိုလန်ကီတို့ ရှိတဲ့ စပါးအသင်းကို လက်စတာအသင်း အနိုင်ယူဖို့ ခက်မယ်။

■ မိုးဇက် - ရေးသားသည်

# လာလီဂါအဖွင့်ပွဲစဉ်တွင် ဂျီရိုနာကို ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း သရေကျခဲ့သည့် ရီးရဲဘက်တစ်



■ ဘက်တစ်နှင့် ဂျီရိုနာအသင်း ယှဉ်ပြိုင်ကစားစဉ်။

စပိန်လာလီဂါပွဲစဉ် (၁) မှ ဩဂုတ် ၁၆ ရက် နံနက် ၂ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲဘက်တစ်နှင့် ဂျီရိုနာအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

အဆိုပါ ပွဲစဉ်ကို ရီးရဲဘက်တစ်အသင်း အိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၅၄၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ပွဲချိန် ၆ မိနစ်တွင် ဘာထရာက ဘက်တစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဘက်တစ်အသင်းသည် ပွဲချိန် မိနစ် ၇၀ အထိ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ပြီး နိုင်ပွဲရရှိရေး နီးစပ်မှုရှိသော်လည်း ၇၂ မိနစ်တွင် ဂါဘရီရယ်၏ ချေပဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ စပိန်လာလီဂါပွဲစဉ် (၁)မှ ဘီလ်ဘာအိုနှင့် ဂီတာဖေးအသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အသက်(၂၁)နှစ်အောက် အမျိုးသားဘော်လီဘော ကွာတားပြိုင်ပွဲများဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် မြန်မာဘော်လီဘောလူမှုရေးအသင်း အမှုဆောင်ဖလား အသက်(၂၁)နှစ်အောက် အမျိုးသား/အမျိုးသမီး တံခွန်စိုက် ဘော်လီဘောကွာတားပြိုင်ပွဲများကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ အောင်ဆန်းကွင်းမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများသို့ မြန်မာဘော်လီဘောလူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်နှင့် အမှုဆောင်များ၊ အားကစားဝါသနာရှင်များ၊ ပြည်သူများ ကြည့်ရှုအားပေးကြသည်။

အမျိုးသမီးတတိယနေရာလုပွဲကို ဩဂုတ် ၁၈ ရက်တွင် ဧရာဝတီအသင်းနှင့် အား/ကာသိပ္ပံ(မန္တလေး)အသင်း၊ အမျိုးသမီးဗိုလ်လုပွဲကို ဩဂုတ် ၁၉ ရက်တွင် ရန်ကုန်လူငယ်နှင့် Youth Camp အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယင်းဘော်လီဘောပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ အားကစားသမား အမျိုးသားအသင်း ၁၄ သင်းနှင့် အမျိုးသမီးအသင်း ခုနစ်သင်းမှ ကစားသမား ၂၅၀ ကျော် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုကြေးငွေအဖြစ် အမျိုးသား ပြိုင်ပွဲပထမဆု ငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၅၀၊ တတိယဆုငွေကျပ် ၂၅ သိန်း၊ စတုတ္ထဆုငွေကျပ် ၁၅ သိန်း၊ အကောင်းဆုံးဆုငွေကျပ် ၁၀ သိန်း၊ အမျိုးသမီးပြိုင်ပွဲပထမဆု ငွေကျပ်သိန်း ၆၀၊ ဒုတိယဆုငွေကျပ်သိန်း ၃၀၊ တတိယဆုငွေကျပ် ၁၅ သိန်း၊ စတုတ္ထဆုငွေကျပ် ၁၀ သိန်းနှင့် အကောင်းဆုံးဆုငွေကျပ်ငါးသိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**



အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရှမ်းလူငယ်အသင်းနှင့် ရန်ကုန်လူငယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

✻ *ကျောဖုံးမှ*

(အမျိုးသား) အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၃)ဂိုး-(၂) ဂိုးဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို (၂)ဂိုး-(၁)ဂိုးဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို (၃)ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်း (၃)ဂိုး-(၁)ဂိုးဖြင့်လည်းကောင်း၊ (အမျိုးသမီး)အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်တွင် ကချင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၇)ဂိုး-(၁)ဂိုးဖြင့်လည်းကောင်း၊ ကရင် ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို (၂)ဂိုး-(၁)ဂိုးဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို (၇)ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီမှစတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသမီး) ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ (အမျိုးသား)ကွာတားဖိုင်နယ် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ မန္တလေး တိုင်းဒေသကြီးအသင်းနှင့် ပဲခူး တိုင်းဒေသကြီးအသင်း၊ ကချင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၆**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "nandar10811" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ်(၅)ရပ်ကွက်နေ နန္ဒာ(ခ)မိဝဲအား မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် မြန်အောင်မြို့မစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက် ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ် နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီက မိုးစပါးကေ ၁၀ ဒသမ ၆၈ သိန်းအတွက် ယခုနှစ် မိုးစပါးချေးငွေနှင့်မိုးမြေပဲသီးနှံ ချေးငွေထုတ်ချေးနိုင်ရန်စီစဉ်

**ရန်ကုန် ဩဂုတ် ၁၆**
နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီက မိုးစပါးကေ ၁၀ ဒသမ ၆၈ သိန်းအတွက် ယခုနှစ် မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံ ချေးငွေထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံ ချေးငွေထုတ်ချေးရေး စာချုပ်ချုပ်ဆိုဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၅ ရက်က ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၄) အစည်းအဝေးမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းအား နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန် နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ရာ ပဲတီစိမ်းသီးနှံနှင့် နှမ်းစပါးသီးနှံအတွက် စုစုပေါင်းငွေကျပ် ၁၇၄ ဒသမ ၁၈ ဘီလီယံ သုံးစွဲနိုင်ခဲ့ပြီး ချေးငွေများ အားလုံး ပြန်လည်ရရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ချေးငွေပြန်လည်ကောက်ခံရရှိငွေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစီမံကိန်းအား နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်များနှင့် တနင်္သာရီ၊ ပဲခူး ၊ မကွေး၊ ရန်ကုန်၊ ဧရာဝတီ တိုင်းဒေသကြီးတို့တွင် ၁၃၄ ဒသမ ၂၁၃ ဘီလီယံအသုံးပြုဆောင်ရွက်ခဲ့ပြီး ၂၀၂၃ - ၂၀၂၄ ခုနှစ် နှမ်းစပါးစီမံကိန်းကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၁၄၇ ဒသမ ၈၉၇ ဘီလီယံ အသုံးပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၂၄-၂၀၂၅ မိုးစပါးသီးနှံကို နေပြည်တော်၊ ကချင်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် စုစုပေါင်းကေ ၉ ဒသမ ၆ သိန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံ စီမံကိန်းကို ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းဆီထွက်သီးနှံရာသီတွင် တိုင်းဒေသကြီး ပြည်နယ် ကိုးခု၌ ရန်ပုံငွေ ၄၈ ဒသမ ၆၀ ဘီလီယံ သုံးစွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ် မိုးမြေပဲသီးနှံစိုက်ပျိုးခြင်းကို နေပြည်တော်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရှမ်း၊ ဧရာဝတီဒေသတို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စုစုပေါင်းကေ ၁ ဒသမ ၀၈ သိန်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကော်မတီ၏ (၁/၂၀၂၄) မှတ်တမ်းအရ သိရသည်။

**TWA**

# ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ကျေးရွာ သုံးရွာမှ ဒေသခံပြည်သူ ၆၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များမှဖမ်းဆီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများဖြန့်ဝေ







**နေပြည်တော် ဩဂုတ် ၁၆**
ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိကျေးရွာ သုံးရွာမှ ဒေသခံပြည်သူ ၆၀ ကျော်ကို ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဖမ်းဆီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၅ ရက်တွင် ဂွမြို့နယ်တွင်း သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့် လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရေး လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒေသခံပြည်သူများကို အဓမ္မခြိမ်းခြောက်ဖမ်းဆီးခေါ်ဆောင်ခြင်းများ လုပ်ဆောင်မှု မရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လုံခြုံရေးဆောင်ရွက်ရာ နေရာဒေသများအနီးရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကို ဖမ်းဆီးခြင်းစသည့် လှုံ့ဆော်ဝါဒဖြန့်သတင်းမှားများဖြင့် အများပြည်သူ စိုးရိမ်ထိတ်လန့်လာစေပြီး ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၁၆** - မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဂွမြို့တွင် ၄ ဒသမ ၀၉ လက်မ၊ ပြင်ဦးလွင်(ဇီးပင်ကြီး) တွင် ၃ ဒသမ ၅၈ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၆၃ လက်မ၊ ဇလွန်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ဟဲဟိုးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ဖြူးမြို့တွင် ၂ ဒသမ ၂၁ လက်မ၊ ပုသိမ်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့တွင် ၁ ဒသမ ၉၃ လက်မစီ၊ သာယာဝတီမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၁ ဒသမ ၈၁ လက်မစီ နှင့် စစ်တွေမြို့တွင် ၁ ဒသမ ၇၈ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# မြန်မာ့ရိုးရာလက်ဝှေ့ လက်ဝှေ့ရေးပြပွဲ ပြိုင်ပွဲနှင့် မျိုးဆက်သစ်ရိုးရာ လက်ဝှေ့ပြိုင်ပွဲများ မန္တလေးမြို့တွင်ကျင်းပမည်

**မန္တလေး ဩဂုတ် ၁၆**
မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီကစီစဉ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ လက်ဝှေ့ရေးပြပွဲပြိုင်ပွဲနှင့် မျိုးဆက်သစ်မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၈ လမ်း၊ ၁၀၆ လမ်းနှင့် ၁၀၇ လမ်းကြားရှိ မန္တလာသီရိ အားကစားကွင်း လက်ဝှေ့ရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ရေးပြပွဲနှင့် မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ပြိုင်ပွဲ နှစ် ချီပွဲနှင့် သုံးချီပွဲ ၁၆ ဆိုင်းပါဝင်ထိုးသတ်မည်ဖြစ်သည်။

သုံးမိနစ်ထိုး နှစ်မိနစ်နား နှစ်ချီစိန်ခေါ်ပွဲများတွင် ရှင်မင်းခန့် (မဟာကေရာဇ်) နှင့် လှသိန်းဦး (စိန်နန်းတော်)၊ အာရှတံခွန် (ကျည်ဆန်နဂါး)နှင့် အောင်ကျော်ဇော (ဘာမထီ)၊ ရှင်းခန့်အောင် (မဟာကေရာဇ်)နှင့် ကိုကိုအောင်(စိန်နန်းတော်)၊ ရဲရင့်အောင် (ကင်း -ဘန်ဒိုဒ)နှင့် ကြည်မင်းသန့် (ဘာမထီ)၊ ရဝေအောင်(မဟာကေရာဇ်)နှင့် နန်းတိုးကျော်(စိန်နန်းတော်)၊ သိန်းထက်ပိုင်(ဘာမထီ)နှင့် ကျားနက် (ကျားရဲ)၊ နဂါးလေး(မဟာကေရာဇ်) နှင့် ဟိန်းမင်းခန့် (ရိုးရာမာန်)၊ လင်းခန့်မောင် (မဟာကေရာဇ်)နှင့် တောဝက် (ကျည်ဆံနဂါး)၊ ရန်နိုင်ထွန်း (မဟာကေရာဇ်)နှင့် ဇော်ထက်မာန် (ရိုးရာမာန်)၊ နန်းလူငယ်(U M C)နှင့် သဲမောင် (ဘလက်အီးဂဲလ်)၊ ဒေါက်တာကြီး(ဘလက်အီးဂဲလ်)နှင့် ရှင်းခန့်အောင်(ကင်း – ဘန်ဒို)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

သုံးချီ လက်ရည်စစ်ပွဲများတွင် နန်းသူရ (ညီနန်းတော်)နှင့် မြတ်မင်းသူ(ရိုးရာမာန်)၊ ဇော်ဝင်းအောင် (ဘာမထီ) နှင့် ကျော်ဇင်မောင် (ကင်း – ဘန်ဒို)၊ ကောင်းသန့်(ညီနန်းတော်) နှင့်ဇာမဏီ (ဆုထူးပန်)၊ တေဇာလင်း(ရိုးရာကျား) နှင့် ထွန်းမြင့်ဝင်း(ဘာမထီ)၊ မြနန်းအောင် (U M C)နှင့် ကြက်ဖကြီး (အမရပူရ) တို့ တွဲဆိုင်းများ ပါဝင်ထိုးသတ်မည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ မြှင့်တင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားပေါ်ထွက်လာရေး ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ရုံဝင်ကြေး အခမဲ့ဖြစ်သည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**



# တွံတေးမြို့နယ်၌ ကလေးသူငယ်အသိပညာပေးဟောပြော

**တွံတေး ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် တွံတေးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးသူငယ် အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၅ ရက်က အထက(၂) ပညာရတနာခန်းမ၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် အထက(၂) တွံတေးကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်ညွန့်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တွံတေးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာမိုးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေဖြစ်ပေါ်လာပုံ အဆင့်ဆင့်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေတွင်ပါရှိသည့် ကလေးသူငယ်များရရှိမည့် အခွင့်အရေးလေးရပ်၊ကလေးသူငယ် အသက်အပိုင်းအခြားသတ်မှတ်ချက်၊ တရားဥပဒေကို လေးစားလိုက်နာရန်၊ ကလေးသူငယ်၏ ကျင့်ဝတ်စည်းကမ်းများကို ဟောပြောသည်။ ယင်းနောက် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဦးက ဥပဒေပါ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ဥပဒေပုဒ်မများ အကြောင်း၊ ဥပဒေကို လေးစားလိုက်နာရန်နှင့် ဥပဒေအား လိုက်နာမှုမရှိဘဲ ချိုးဖောက်ပါက အသက်အပိုင်းအခြားအလိုက် ပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးကာ ဟောပြောပွဲပါ အချက်အလက်များကို ကျောင်းသားကျောင်းသူများအား မေးမြန်းခဲ့ရာ အကောင်းဆုံးဖြေဆိုနိုင်သူ ၃၀ အား ဆုများပေးအပ်ချီးမြှင့်သည်။ အသိပညာပေး ဟောပြောပွဲသို့ အထက (၂)မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **တွံတေးသား**

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၆ - ၈ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၆၀ ကျပ် | ၂၆၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၀၁၅ ကျပ် | ၃၁၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀၀ ကျပ် | ၂၉၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၃၀၄၅ ကျပ် | ၃၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း (၃) လမ်း၊ အမှတ်(၂၈)နေ ကျွန်မ ဒေါ်သန္တာစိုးစိုး (၁၂/ရကန(နိုင်)၀၇၃၃၀၃)မှာ ဒေါ်မေပြည့်စုံလှိုင် (၁၄/ပသန(နိုင်)၂၀၀၉၆၄)ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၇-၁၀-၂၀၂၃)ရက်က ရယူထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၁၃၂/၂၀၂၄)ဖြင့် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ထားမှုအား ယခုအခါတွင် နှစ်ဦးသဘောတူညီမှုအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းကိစ္စများ ပြီးစီးပါသောကြောင့် ယနေ့မှစ၍ အဆိုပါအထွေထွေကိုယ်စားလှယ် လွှဲအပ်ထားမှုကို ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန္တာစိုးစိုး
(၁၂/ရကန(နိုင်)၀၇၃၃၀၃)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/3608,Nway Thida Light Truck, Pick Up (4 X 2) R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းအောင် ၁၂/လကန(နိုင်)၂၀၄၀၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

## အမည်ပြောင်း

ဦးသန့်ဇော်သိန်း ၉/မထလ(နိုင်)၁၇၀၇၀၄၏ သမီးဖြစ်သူ မိတ္ထီလာမြို့ အထက(၅)ရှမ်းတဲ Grade 6(C)မှ မသိမ့်သိမ့်သော်အား ယနေ့မှစ၍ မသန္တာလင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသန္တာလင်းထက်

## ဖခင်အမည်မှန်

ချောက်မြို့၊ အမှတ်(၄) အလက (တပ်မြေ) Grade-4 မှ မခိုင်ဇူဇင်ဝင်း ၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းထက် ၁၂/သလန(နိုင်) ၁၀၈၆၉၂ ဖြစ်ပါကြောင်း။

ဦးအေးမင်းထက်

## သွေးသည် အသက်

## ဖခင်အမည်မှန်

သရက်ချောင်းမြို့နယ်၊ အထက (သရက်ချောင်း) G-6 မှ မောင်ဖွဲ့ထက်နိုင်၊ အမက(၂)မြို့မ G-3 မှ မောင်ပြည့်စုံအောင် နှင့် G-1 မှ မယွန်းရတနာ တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင် ၆/သရခ(နိုင်)၀၆၄၆၈၅ ဖြစ်ပါသည်။

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာ ရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# မြောင်းမြမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်စည်းဝေး

**မြောင်းမြ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမအသင်းစုရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်း၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်စန္ဒာညွန့်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ ဒါရိုက်တာအဖွဲ့လုပ်ငန်း အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားခြင်း၊ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ကြောင်းသိရသည်။ **ဇေယျာ(မြောင်းမြ)**



## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ တိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ်(၉၉၇)၊ အကျယ်အဝန်း(ပေ၄၀ x ပေ၆၀) မြေကွက်၊ အမည်ပေါက် ဒေါ်ညို (S/OKA- ၀၁၆၂၃၄) ပါမစ်မြေအမျိုးအစား၊ နေထိုင်ခွင့်လက်မှတ်၊ အမှတ်-၀၃၀၄၊ မြေကွက်အား ပိုင်ဆိုင်ခွင့်ရှိသူ ဦးမိုးအောင် (၁၂/စခန(နိုင်)၀၁၉၆၁၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့်. ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးသန္တာအောင် (L L.B) အထက်တန်းရှေ့နေ (စဉ်-၃၄၃၉၂)
တိုက်(၁၀/၁၂)၊ အခန်း(၁၀၄(ဈ))၊ (ပ)ထပ်၊၃၅လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၅၄၃၉၉၅၁၇

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

သက်ဆိုင်ရာမြို့/ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် NATIONAL DEVELOPMENT CONSTRUCTION AND ENGINEERING COMPANY LIMITEDတို့မှ အကျိုးတူဆောက်လုပ်ခဲ့သောအဝေရာအိမ်ရာစီမံကိန်းတွင်ပါရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်အမှတ်(၅)၊ အခန်းအမှတ်(၁၀၂)ဟုခေါ်တွင်သော တိုက်ခန်း(၁)ခန်းနှင့် အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု၏ တရားဝင်နေထိုင်ခွင့် အသိအမှတ်ပြုထားခြင်းခံရသူ) ဒေါ်ခင်သိန်းတင် (၁၁/ရသတ(နိုင်)၀၀၀၆၃၁)ထံမှ ကျွန်ုပ်မိတ်ဆွေတို့မှ ယခုအခါတွင် ဝယ်ယူရန်သဘောတူညီလျက် အဆိုပါတိုက်ခန်း၏ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအချို့တစ်ဝက်ပေးချေ ထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်းပြီး၊ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးသက်ပိုင်ထူး LL.B အထက်တန်းရှေ့နေ (စဉ်-၄၉၅၉၇)
ရုံးခန်း-အမှတ် (၅၇)၊ အခန်း (၀၀၄)၊ အဝေရာအိမ်ရာ(၂)၊ သမာဓိလမ်း၊
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ရုံးဖုန်း-၀၉-၄၂၂၄၅၇၅၂၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၂)၊ မြေကွက်အမှတ်(၅၂၁)၊ ငွေပြည်သာလမ်း၊ ဧရိယာအကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဒေါ်မြရီ (၁၂/ဥကမ(နိုင်) ၀၉၀၉၅၄) အမည်ပေါက် နှစ်(၆၀) ဂရန်မူရင်း၊ နေအိမ်ခြံမြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသည့် ဧရိယာအကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ဂရန်မိတ္တူခြမ်း၊ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်မြရီမှ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမော်(၁၂/ဥကတ(နိုင်)၀၄၅၀၉၄)မှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းတိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးမော်၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စုရည်လှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၄၅)
အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၄၀)ရပ်ကွက်၊ နန်းရင်လမ်းနေ (ဘ)ဦးအောင်စန်းတင့် ၁၂/ဗဟန(နိုင်)၀၇၂၀၂၉၏သား The Great Success ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မောင်Aအောင်ခန့်အား မောင်အေအောင်ခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အေအောင်ခန့်

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကန်တော်လမ်းနေ (ဘ) ဦးရွှေထွန်း ၏သမီး မဇာခြည်ဝင်း ၁၄/အမန(နိုင်)၁၉၁၈၃၄ ၏ နိုင်ငံကူးလက်မှတ် MI-283890 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၉၈၀ ၅၁၅ ၂၄၂

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၂၀၀ | ၃၁ | ၂၈၅၂၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၆၄၈၀၂၈ | ၂၂၃၅၈၄၁၀၅၀ |
| MCB | ၈၅၀၀ | ၈၅၀၀ | ၁၀၈ | ၉၁၈၀၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၈၉၄ | ၁၅၆၄၅၀၀ |
| TMH | ၂၈၀၀ | ၂၈၅၀ | ၁၂၅ | ၃၅၆၂၅၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၇၃၁ | ၁၂၇၉၂၅၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၂၆၆ | ၁၂၂၃၆၀၀ |
| MAEX | ၃၂၅၀ | ၃၂၅၀ | ၂၇၀ | ၈၇၇၅၀၀ |

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၇**

ဒေါ်နှင်းသီရိဝေ (တရားလို) နှင့် ဒေါ်တင်လှိုင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၉၈၅) နေ ဒေါ်တင်လှိုင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်(၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ့်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် ကြိုတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေရိယာ ၀ ဒသမ ၀၅၅၈ဧကေ၊ မြေကွက်အမှတ် (ဥသ-၄၁၃၄)၊ ဒေါ်ခင်မာကြည် (ဘ) ဦးကျင်မောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးကျော်လွင် ၁၂/ဒဂတ(နိုင်)၀၃၇၃၅၃ (ဘ) ဦးလင်းထိန်ဦးမှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၂၁၇/၂၀၂၃(၁၄-၁၁-၂၀၂၃)တင်ပြ၍ ဦးအောင်သက်မွန် ၈/ခမန(နိုင်)၁၁၀၉၁၂ (ဘ) ဦးဘိုနီ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် အ-၁၄၊ ဦးပိုင်အမှတ် ၁၁/၁၁၉x၁၂၀ လမ်းကြား၊ ၆၄x၆၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သင်းသင်းဦး ၉/မနမ(နိုင်)၀၃၄၁၉၁ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၆၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းခင်နုရီ ၁၃/သနန(နိုင်)၀၀၄၆၂၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၃၂၊ ဦးပိုင်အမှတ် ၆၄၊ ၅၃x၅၄ကြား၊ ၁၃၄x၁၃၅ လမ်းကြားရှိ ဒေါ်စန်းစန်းမြင့် အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဦးခင်မောင်အေးက တရားပြိုင် ဒေါ်စန်းစန်းမြင့် (၎င်း၏ SP ရသူ ဒေါ်စန်းယုမော်)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၀၁/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးခင်မောင်အေး ၉/မနတ(နိုင်)၀၃၈၅၈၄ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/ဘဝမြင့်)၊ လူနေရပ်ကွက်အမှတ် (မလိခအိမ်ရာ)၊ မိုးမခလမ်းသွယ် (၂)လမ်း၊ **Plot No-3**၊ ခြံအမှတ် **(C-B-B2)**၊ မြေကွက်အမှတ် (၁၀၀)၊ အကျယ်အဝန်း (၀.၁၂၈)ဧကရှိ ဒေါ်မာလာဝင်း (၅/အရတ (နိုင်) ၀၅၄၉၄၅) နှင့် ဒေါ်သန္တာ (၁၂/ဥကတ (နိုင်) ၀၁၂၁၅၆) တို့(၂)ဦး အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၀၁)နှင့်ကပ်လျက် (၀.၀၆၄)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို စွန့်လွှတ်စာချုပ်အမှတ် (၂၃၂/၂၀၂၄)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန္တာ (၁၂/ဥကတ (နိုင်) ၀၁၂၁၅၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## မိခင်အမည်မှန်

ဟသ်ာတမြို့၊ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၊ Grade-9 မှ ကျောင်းဝင်အမှတ်(၅၈၀၉) မသဲဆုမြတ်၏ မိခင်အမည်မှန်မှာ ဒေါ်ဝင့်ဝါခိုင် ၁၄/ဟသတ(နိုင်)၁၀၂၅၈၈ ဖြစ်ပါသည်။

**ဒေါ်ဝင့်ဝါခိုင်**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း၊ Grade-9 မှ ကျောင်းဝင်အမှတ် (၅၇၇၉) မဆုထက်ဝေ ၏ ဖခင်အမည်မှန်မှာ ဦးတင်ဖုန်းအောင် ၁၄/ဟသတ(နိုင်)၂၅၆၇၃၃ ဖြစ်ပါသည်။

**ဦးတင်ဖုန်းအောင်**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၊ Grade- 12 မှ ကျောင်းဝင်အမှတ် (၅၈၅၂) မအင်ကြင်းမိုမို ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၈/ပခက(နိုင်)၀၂၃၈၃၀ ဖြစ်ပါသည်။

**ဦးအောင်မြင့်**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း Grade-12 မှ ကျောင်းဝင်အမှတ် (၅၉၃၂) မနေခြည်ဖြိုး၏ ဖခင် အမည်မှန်မှာ ဦးအောင်ဆန်းတင့် ၁၄/ဟသတ(နိုင်)၀၁၁၇၄၇ ဖြစ်ပါသည်။

**ဦးအောင်ဆန်းတင့်**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း Grade-12 မှ ကျောင်းဝင်အမှတ် (၅၅၇၁) မမေမြတ်နိုးဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဌေး ၁၄/ဟသတ(နိုင်)၂၆၁၇၀၈ ဖြစ်ပါသည်။

**ဦးကျော်နိုင်ဌေး**

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အထက(ခွဲ)ကြာဂရက် Grade-12 မှ မောင်ကျော်သီဟ ၏ ဖခင်အမည်မှန်မှာ ဦးမြစိုး ၁၄/လပတ(နိုင်)၁၅၇၄၅၀ ဖြစ်ပါသည်။

**ဦးမြစိုး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၂၈၊ ဦးပိုင်အမှတ် ၁၊ ၅၇x၅၈ ကြား၊ ၁၃၄x၁၃၅ လမ်းကြားရှိ ရဲမှူးသန်းဌေး အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဦးချင်ကြားဟူက တရားပြိုင် ဦးသန်းဌေးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၀၀/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးချင်ကြားဟူ ၁၃/ကခန(နိုင်)၀၅၁၅၆၈ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၈၊ ဦးပိုင်အမှတ် ၇၁၊ ၄၆x၄၇ ကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဦးကျော်သိန်း အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဒေါ်သီတာအေး (၎င်း၏ GP ရရှိသူ ဒေါ်ခင်မိုးကြည်)က တရားပြိုင် ဦးကျော်သိန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၈/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ခင်မိုးကြည် ၁၃/လရန(နိုင်)၀၀၀၄၆၆ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၂၈၊ ဦးပိုင်အမှတ်(၂၀)၊ ၅၇x၅၈ကြား၊ ၁၃၄x၁၃၅လမ်းကြားရှိ ဗိုလ်မှူးရဲလင်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ရွှေဌေးက တရားပြိုင် ဦးရဲလင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၉၉/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ရွှေဌေး ၁၃/နဆန(နိုင်) ၀၃၀၅၄၇ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၁၁၊ ဦးပိုင်အမှတ် ၅၇/၆၀Bx၆၁လမ်းကြား၊ ၁၃၄x၁၃၅လမ်းကြားရှိ ဒေါ်ခင်ဦး အမည်ပေါက် တောဂရန်မြေကွက်အား မိသားစုစီမံမှုစာချုပ်အမှတ် (၃၁၂၃/၁၉၉၆)ဖြင့် ဒေါ်မမကျော်က ပိုင်ဆိုင်ခဲ့ပြီး ဖခင် ဦးဘကျော်၊ မိခင် ဒေါ်ခင်ဦးတို့ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၂၇၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် သမီးဖြစ်သူ ဒေါ်ခင်မမကျော် ၉/မရမ(နိုင်)၀၅၆၀၈၀၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၈၄၉/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခင်မောင်လွင် ၅/စကန (နိုင်)၁၇၆၅၅၄က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် B-၂၄၊ ဦးပိုင်အမှတ် ၁၉/၃၄လမ်း၊ ၅၂လမ်းထောင့်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးဗိုလ်ဗိုလ်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်သင်းသင်း ၉/မရတ(နိုင်)၀၆၅၄၉၇က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၅၃၊ ဦးပိုင်အမှတ် ၈ ခဲစင်း/ ၆၃x၆၄လမ်းကြား၊ ၁၃၄x၁၃၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီသီနွယ် ၉/မရမ(နိုင်)၀၁၈၄၂၃ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၃၁/၂၀၁၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနန်းမောင် ၈/မမန(နိုင်)၁၃၃၈၆၇က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ စာတိုးမြို့ပြင်ကြီးရပ်ကွက်၊ အကွက်အမှတ် ၆၂၃၊ ဦးပိုင်အမှတ် ၁၈ဃ+၁၉/၃/ရန်-မန်း၊ မီးရထားသံလမ်းအရှေ့ဘက်၊ ရန်-မန်းကားလမ်းမြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းဝင်းလှိုင် ၉/မရမ(နိုင်)၀၅၆၂၅၊ ဦးသီဟမင်းထက် ၉/ခအဇ(နိုင်)၀၂၅၆၅၃၊ ဦးနန္ဒာလင်းထက် ၉/ခအဇ(နိုင်)၀၃၄၃၈၂၊ ဦးရဲထက်အောင် ၉/ခအဇ(နိုင်)၀၃၄၃၇၂ တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/40362 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**ဟသ်ာတမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/9440 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**ဟသ်ာတမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/9547,Toyota Ractis NSP120, Hatch Back(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းပင်(ခ) နန်းလှထွေး ၁၃/တခလ(နိုင်) ၀၆၆၇၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/9628, HOWOSINO TRUCK, TRACTOR HEAD(6x4)L ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းအောင် ၉/တတဥ(နိုင်) ၀၈၃၀၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/76787 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/85366 Zong Shen 110, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/26442, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ Min Thiha Khaing Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/43489, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင်ဝင်း ၉/မဟမ(နိုင်)၀၄၄၈၇၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၆၈၉၂၂, Hatin Auto-125 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းဇော် ၉/ဇဗသ (နိုင်)၀၀၉၀၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ် (၁၈၂ ၃/၂)၊ စက္ကဝတ်(၄)လမ်းဟု ခေါ်တွင်သော (အလျား ၁၀ ပေ x အနံ ၆၀ ပေ)ရှိ အိမ်မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် ဦးစိန်ခိုင်ထွန်း ၁၁/ကဖန(နိုင်)၀၆၀၂၃၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် အိမ်မြေရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ အထောက်အထား စာရွက်စာတမ်း မူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်ပြီးလျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထိန်လင်းသန်း (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၉၂)**
**အမှတ်(၄၃)၊ ဟံသာဝတီ(၂၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၀၁၇၁၃၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသည့် စက္ကူလိပ်၏အူတိုင်(အလွတ်) (၃၁၀၀)လုံးခန့်အား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချ မည်ဖြစ်၍ ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင်အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်နှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ အမှတ် (၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တို့တွင် ၁၉-၈-၂၀၂၄ ရက်နေ့မှ ၂၆-၈-၂၀၂၄ ရက်နေ့ အထိ ရုံးဖွင့်ရက်တွင် နေ့စဉ် နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၂၇-၈-၂၀၂၄ ရက်နေ့ မွန်းတည့် ၁၂:၀၀ နာရီအတွင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ် ကာလထက်ကျော်လွန်၍ တင်သွင်းသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး (၁%) အား မြန်မာ နိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် PG (Preformancce Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၄။ ဈေးပြိုင်အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်၊ ညွှန်ကြားရေးမှူး(စီမံ)၊ ဖုန်း- ၀၆၇၃၄၁၂၆၆၂၊ ဖုန်း ၀၁၈-၃၉၈၆၆၉၊ ၀၁၈-၂၀၁၁၉၂ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်။**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ သရက်လိန်အုပ်စု၊ အထက(ခွဲ) တက်သစ်ကျွန်း Grade-4 မှ မဇွန်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးသက်ကိုကို ၁၄/ဟသတ(နိုင်)၃၀၇၀၄၆ ဖြစ်ပါကြောင်း။

**ဦးသက်ကိုကို**

## ပျောက်ဆုံးကြောင်း

တောင်ဒဂုံမြို့၊ (၁၄၁)ရပ်ကွက်၊ ဗန္ဓုလအိမ်ရာ၊ တိုက် (၅၀)၊ ဦးတင်မြင့်၏သမီး မနွေး ၁၄/ဓနဖ (နိုင်) ၂၁၈၃၄၂၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၈၆၃၂၉၇၅၊**
**၀၉-၄၂၁၁၂၄၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက် ၊ ဥသဿဖယားလမ်း၊ မြေကွက်အမှတ်(၆၆)၊ ဧရိယာအကျယ်အဝန်း (၀.၀၅၆)ဧက (စတုရန်းပေ ၂၄၂၄)ပေရှိ နှစ်(၆၀)ဂရန် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာလာကြည် ၁၂/ပဘတ(နိုင်) ၀၀၆၁၆၇မှ တရားဝင် အစဉ်အဆက်စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့သည့် မြေကွက်ဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ မြေကွက်ပိုင်ရှင် ဒေါ်မာလာကြည်မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း ၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ၊ ကျူးကျော် ဝင်ရောက်နေထိုင်ခြင်း စသည့်ကိစ္စရပ်များကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ဥပဒေကြောင်းအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၃)**
**အမှတ်(၁၈၉)၊ အညာစုလမ်း ၊ (၉)ရပ်ကွက်**
**မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၅၀၀၈၀၀၀၆၆**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၆)လမ်း၊ အမှတ်(၆၄၈/ဒီ)၊ ပထမထပ်နေ ဦးကျော်မြင့်ဦး(၁၀/မဒန(နိုင်) ၁၄၇၇၅၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၃၄၄)၊ မြေကွက်လိပ်စာ-အမှတ် (၃၄၄)၊ရတနာလမ်း၊ (၁၁)ရပ်ကွက်၊ တောင် ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော မြေဧရိယာ(၆၀ပေ x ၄၀ပေ)၊ ၂၄၀၀-စတုရန်းပေအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို (၁၄-၂-၂၀၁၉)ရက်က မြေကွက်၏မြေအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်သင်းသင်းလှိုင်(၁၃/လရန(နိုင်)၁၀၈၇၀၅) ထံမှ အပိုင်ဝယ်ယူလက်ရောက်ရရှိခဲ့ပါသည်။ ဝယ်ယူစဉ်က မြေကွက်၏ အမည်ပေါက် ပိုင်ရှင်မှ မြေငှားဂရန်စာချုပ်၌ အမည်ပြောင်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ် ဆိုခြင်းများပြုလုပ်လိုပါက သက်ဆိုင်ရာဌာနများ၌ လိုအပ်သောကိစ္စအဝဝကို လိုက်လံဆောင်ရွက်ပေးမည်ဟု ပြောဆိုသဖြင့် (၁၄-၂-၂၀၁၉)ရက်စွဲပါ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၌ ထည့်သွင်းချုပ်ဆိုပေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အထက်ဖော်ပြပါ ကတိပဋိညာဉ်များကို ဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အတွက် ယနေ့ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း နောက်ဆုံးထား၍ အရောင်းအဝယ် တရားဝင်ဖြစ်စေရန်အတွက် သက်ဆိုင်ရာဌာနများ၌ လိုအပ်သည့်ကိစ္စများကို ဆက်လက်ဆောင်ရွက်ပေးပါရန်နှင့် ထိုသို့ဆောင်ရွက်ရန်အတွက် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ သတ်မှတ်ကာလအတွင်း ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ပေးခြင်းမရှိပါကတည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ် တရားဝင်စေရန် ဆောင်ရွက်ရန်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်သင်းသင်းလှိုင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးကျော်မြင့်ဦး** | **ဒေါ်ခိုင်ညွှာဦး(LL.B)** |
| **အမှတ်-၆၄၈/ဒီ၊ ပထမထပ်၊** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၃၂)** |
| **သမိုင်း(၆)လမ်း၊ မရမ်းကုန်းမြို့နယ်၊** | **အမှတ်(၃/၅/၄)၊ ဦးစလမ်း၊ စိုက်/မွေး** |
| **ရန်ကုန်တိုင်းဒေသကြီး** | **(၁)ရပ်ကွက်၊ ဒဂုံမြို့သစ်၊** |
| | **တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊** |
| | **Ph:09-450020275, 09-680339373** |

## ငွေချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀
## ကလောမြို့နယ်တရားရုံးတော်
## ၂၀၂၄ - ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅

ဒေါ်စိန်စိန်မြင့် — နှင့် — ဒေါ်ဝင်းဝင်းနု
တရားလို — တရားပြိုင်

ကလောမြို့၊ အမှတ် (၈) ရပ်ကွက်နေ ဒေါ်ဝင်းဝင်းနု (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စိန်စိန်မြင့်က မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ သို့တည်းမဟုတ် ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးလဲ့စန္ဒီမြင့်)**
**မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ-၂၂၊ )
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၁၇-ခုနှစ် ၊ တရားမကြီးမှုအမှတ်- ၄၂နှင့်ဆက်နွှယ်သည့်
## ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၅၁

ဦးအောင်သာဇံ(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်အိရွှေစင်ဝင်း) — နှင့် — ဦးလှဘော်သူ
(တရားနိုင် ) — (တရားရှုံး)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၁၁၃) နေ ဦးလှဘော်သူ (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၂တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်သာဇံ (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်အိရွှေစင်ဝင်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၃)ရက် (၁၃၈၆ခုနှစ်၊ တော်သလင်းလဆန်း ၁၁)ရက် မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍၊ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသီရိဝင်း)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(A)၊ တိုက်အမှတ်(A5 )၊ အခန်းအမှတ်(714)၊ Type (4BR Duplex) ၊ Area (1752) sqftရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးပြေသာသန်းဝင်း ၁၂/မဂတ(နိုင်) ၀၈၈၈၉၁၊ ဒေါ်ယမင်းသက် ၆/ထဝန(နိုင်)၀၇၉၁၁၇ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော် ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီး မြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **ဦးစည်သူလှိုင်** | **ဒေါ်ညီလာခိုင်** |
| **၉/မဟမ(နိုင်)၀၀၁၂၇၆** | **၁/ပမန(နိုင်)၀၆၃၇၅၈** |
| **Ph-09-96245561,** | **Ph-09-799052567** |

## ကန့်ကွက်နိုင်ပါကြောင်း

